THE FIRST SERMON

ပဌမဒေသနာတော်

Nawrahta Win

နော်ရဌာဝင်း

INTERNATIONAL INSTITUTE OF ABHIDHAMMĀ

နော်ရဟာဝင်း

" ဗုဒ္ဓ၏ တရားဦး "

" The First Sermon "

by

Nawrahta Win

D.P.P.S
No.....
Date.....
RESEARCH LIBRARY
ဗဟုသုတနှင့်ကျေးပြုနိုင်ရေး
အမှတ်တံဆိပ်
ရက်စွဲ
ပြန်ပေးပါတယ်။
သုတေသနစာကြည့်တိုက်

စာမူခွင့်ပြုချက်အမှတ်	-	၃၂၀ ၅၃၈ ၁၀၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	-	၃၂၀ ၄၃၅ ၁၀၀၈
ထုတ်ဝေသည့်လ	-	၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ
ထုတ်ဝေသည့်အကြိမ်	-	တတိယအကြိမ်
တန်ဖိုး	-	၁၅၀၀ ကျပ်
အုပ်ရေ	-	၁၀၀၀
ထုတ်ဝေသူ	-	ဦးကျော်လှိုင် (စေတနာစာပေ)
မူပိုင်ခွင့်	-	ဦးမြသန်း
ဖြန့်ချိရေး	-	စာပေလောက (စာအုပ်အရောင်းဆိုင်) အမှတ် -၂၂၅/၂၂၃ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း (အထက်ဘလောက်)၊ အနော်ရထာမီးပွိုင့်အနီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၄၃၅

ပုံ

စာပေလက်ဆောင်မှန်

မှ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ လာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ဗုဒ္ဓဓမ္မဆိုသည်မှာ	၇
၂။	" What Buddhism is"	၂၂
၃။	ဗုဒ္ဓ၏ တရားဦး	၃၄
၄။	"The First Sermon"	၃၄
၅။	မြတ်ဗုဒ္ဓ၏ တရားဦး (ဓမ္မစက္ကပ္ပဝတ္တနသုတ္တ)	၁၀၁
၆။	"Dhammacakkappavattana Sutta"	၁၀၉
၇။	ဓမ္မစကြာ နိဿယ	၁၂၀

စာရေးသူ၏ အမှာ

ပိဋိကတ်သုံးပုံတွင် အကျဉ်းချုံးတင်ထားခဲ့သော မြတ်စွာဘုရား၏ တရားတော်အားလုံး၏ အနှစ်သာရကို ခြုံငုံမိသော တရားတစ်ပုဒ်ကို ရွေးထုတ်ပြပါဆိုပါက၊ ဗုဒ္ဓ၏ သစ္စာလေးပါးတရား (ဓမ္မစက္ကြာသုတ္တန်)ကို ညွှန်ပြရမည် ဖြစ်ပါသည်။ မြတ်စွာဘုရားဟောကြားသမျှသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော် အားလုံးသည် သစ္စာလေးပါးတရားမှ ဖြာထွက်သွားကြသည်ချည်း ဖြစ်သည်။

ဤစာအုပ်တွင် သစ္စာလေးပါးတရားတော်၏ အခြေခံမူကြီးများကို လူတိုင်းလွယ်လွယ်ကူကူနှင့် နားလည်နိုင်စေရန် ရှင်းလင်းဖော်ပြထားပါသည်။ မြတ်စွာဘုရား ဟောကြားခဲ့သော တရားတော်များကို လေ့လာရာ၌ နှုတ်တိုက်ရွတ်ဆိုခြင်း၊ သမားရိုးကျနည်းအတိုင်း အလွတ်ရအောင် ကျက်မှတ်ခြင်းတို့ထက် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားများ၏ အနှစ်သာရနှင့် အခြေခံ မူများကို ပိုင်ပိုင်နိုင်နိုင် အသေအချာ နားလည်အောင် လေ့လာခြင်း၊ ရှင်းလင်း တင်ပြခြင်းက ပိုမိုအရေးကြီးသည်ဟု ကျွန်တော်ယုံကြည်ပါသည်။ သို့ဖြစ်သည့် အလျှောက်၊ ဤစာအုပ်တွင် အခြေခံမူများနှင့် အခြေခံအချက်များ အပေါ် အသေးစိတ် ရှင်းလင်းဖော်ပြခြင်းကို အလေးပေးကာ ရေးသားဖော်ပြထားပါသည်။

သစ္စာလေးပါးတရားတော်ဆိုသည်မှာ အခြားမဟုတ်။ ကိုယ်ကျင့်တရား၏ အခြေခံမူကြီး လေးချက် (**four fundamental ethical principles**)ပင် ဖြစ်ကြောင်း ဖော်ထုတ်၍ ရှင်းလင်းတင်ပြထားပါသည်။ နောက်ထူးခြားချက်တစ်ခုမှာ သစ္စာလေးပါးတရားတော်သည် သက်ရှိသတ္တဝါအားလုံး၏ သိလျက်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သမျှသော ပြုမူဆောင်ရွက်ချက်တိုင်း၌ ပါဝင်လျက်ရှိသည့် ပြဿနာဖြေရှင်းခြင်းများ၏ အခြေခံမူကြီးလေးချက်ပင် ဖြစ်သည်ဟူသော ရှင်းလင်းတင်ပြချက်ပင် ဖြစ်ပါသည်။

ဤစာအုပ်ကို ခေတ်သစ်အမြင် (modern approch) ဖြင့် ရေးသားထားပါသည်။ သစ္စာလေးပါးတရားတော်အကြောင်းကို ရှင်းလင်းဖော်ပြရာ၌ ဆန်းသစ်သော ဥပမာများ၊ သရုပ်ပြပုံများဖြင့် လူအများနားလည်လွယ်အောင် တင်ပြထားပါသည်။

သို့ဖြစ်သောကြောင့်၊ စာဖတ်ပရိသတ်များနှင့် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံသင်တန်းကို တက်ရောက်နေကြသော သင်တန်းသားများက ဤစာအုပ်သည် အသုံးဝင် အထောက်အကူပြုကြောင်း၊ ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ သုတေသနလုပ်ငန်းနှင့် နေ့စဉ်ဘဝတွင် လက်တွေ့အသုံးချရေး ရှုထောင့်တို့မှ စိတ်ဝင်စားဖွယ်ရာ၊ တွေးခေါ်ကြံဆဖွယ်ရာ အချက်များပါရှိကြောင်း တွေ့ရှိကြရမည်ဆိုပါလျှင်၊ ဤစာအုပ်ကို ရေးရကျိုးနပ်သည်ဟု ယူဆပါသည်။

နော်ရထာဝင်း
အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ

Foreword

by

the Author

If one is asked to pick out a single sermon that epitomizes the essence of all the teachings of Lord Buddha, recorded in the Three Basicets of the Buddhist Scriptures (Tipitaka), one shold lay one's finger in the Four Noble Truths (the Wheel of Law Dhammasakka Sutha). All the teachings of Lord Buddha in Suttanta(Discorukes), viraya (Code of Discipline for Monks), Abhidhamma (Higher Teachings radiate from the Four Noble Truths (FNT).

In this book, I set out to explain in simple terms the fundamental principles of the Four Noble Truths. I believe that it is important to acquire a through understanding of the fundamental principles of Lord Buddha's teachings rather than just reciting and learning by rote in the traditional way. Hence, the emploies is very much on the exposition of the fundamental principles of the Four Noble Truths.

I have also explained that FNT are nothing but the four fundamental ethical principles. I have also elucidated that the Four Noble Truths are indeed the four fundamental principles of problem-solving methodology that govern all conscious and purposive actions of all living beings.

This book is written with a modern approach. I have also illustrated the fundamental principles and concepts of FNT with fresh analogies and diagrams.

I hope that readers and traineers at the International Institute of Abhidhamma will find this book to be useful and intellectivally challenging from the point of view of research on, and application of Abhidhamma to our daily life.

Nawrahta Win
International Institute of Abhidhamma.

၅၆ ၈၆

ဆိုသည်မှာ

'ဗုဒ္ဓဝမ္မ ဆိုသည်မှာ'

နော်ရထာဝင်း

ဗုဒ္ဓဝမ္မနှင့်စပ်လျဉ်း၍ ဗုဒ္ဓဘာသာဝင်မဟုတ်သူ နိုင်ငံခြားသားများ သာမက မိရိုးဖလာ ဗုဒ္ဓဘာသာဝင်အချို့ကပါ နားလည်မှုနှင့် အယူအဆများ လွဲမှားနေကြသည်ကို လေ့လာတွေ့ရှိရပါသည်။

ဤဆောင်းပါးအစမှာပင် စာရေးသူက ရှင်းရှင်းလင်းလင်း ဖော်ပြလိုသော အချက်မှာ စကားအဓိပ္ပာယ်အတိအကျအတိုင်းပြောရမည် ဆိုပါက၊ ဗုဒ္ဓဝမ္မသည် 'ဘာသာတရားလုံးဝမဟုတ်' ဟူသော အချက်ပင် ဖြစ်ပါသည်။ ဤအချက်ကို သက်သေထူရန်နှင့် ဗုဒ္ဓဝမ္မ၏ထင်ရှားသော ဝိသေသလက္ခဏာပေါ်လွင်စေရန် အထိရောက်ဆုံးသောနည်းလမ်းမှာ ဗုဒ္ဓဝမ္မကို အခြားဘာသာကြီးများနှင့် လည်းကောင်း၊ သိပ္ပံပညာနှင့် လည်းကောင်း၊ ဒဿနိကဗေဒနှင့်လည်းကောင်း၊ နှိုင်းယှဉ်လေ့လာခြင်းပင်ဖြစ်ပါသည်။

ယင်းသို့လေ့လာရာတွင် အဓိကအချက်ကြီး(၃)ချက်(သို့မဟုတ်)စံ (၃)ခုကို အခြေခံ၍လေ့လာတင်ပြပါမည်။ ယင်းစံများမှာ စူးစမ်း လေ့လာပုံနည်းစနစ်၊ **(method of inquiry)**၊ လေ့လာသည့် ဘာသာရပ်အကြောင်း အရာ နှင့်**(field of study)**နှင့် လူသားတို့၏ ချမ်းသာသုခ အများဆုံး ပေးစွမ်း နိုင်သောကျင့်စဉ် ဟုတ်မဟုတ်ဆိုသည့် စံများပင်ဖြစ်ကြပါသည်။

ရှေ့ဆက် မဆွေးနွေးမီ အချက်တစ်ချက်ကို ရှင်းလင်းစွာ ဖော်ပြလိုပါသေး သည်။ အထက်ဖော်ပြပါ စံ(၃)ခုစလုံး၊ အချက်အလက်အားလုံးကို တစ်ပေါင်း တည်း ထည့်သွင်း စဉ်းစားဆုံးဖြတ်မည်ဆိုပါက ဗုဒ္ဓဓမ္မနှင့် လုံးဝတူညီသည့် အရာ မရှိချေ။ ဗုဒ္ဓဓမ္မ နှင့် အဘက်ဘက်တွင် တူသည့် အခြားပညာရပ်တစ်ခု (သို့မဟုတ်)တွေးခေါ်ပုံစံစနစ် တစ်ခု ဟူ၍ဘယ်မှာမှ မရှိချေ။ ဤကဲ့သို့ ဘက် ပေါင်းစုံမှ စဉ်းစားဆုံးဖြတ်မည်ဆိုပါလျှင် ဗုဒ္ဓဓမ္မ ကို ပြိုင်ဘက်မရှိသော သီးခြား ဘာသာရပ်တစ်ခုအဖြစ် သီးသန့် ထားရပေလိမ့်မည်။

သို့ရာတွင်၊ အထက်ဖော်ပြပါစံ(၃)ခုအနက်မှ တစ်ခုချင်းစီအပေါ်တွင် အခြေခံ စဉ်းစားဆုံးဖြတ်မည်ဆိုပါက၊ ဗုဒ္ဓဓမ္မနှင့် သိပ္ပံပညာရပ်အကြားတွင် လည်းကောင်း၊ ဗုဒ္ဓဓမ္မနှင့်ဒဿနိက ဗေဒပညာရပ်အကြားတွင်လည်းကောင်း စိတ်ဝင်စားဖွယ်ရာ ဆင်တူမှုများ **(points of similarities)** ကို တွေ့ရပါလိမ့် မည်။

"ဗုဒ္ဓဓမ္မသည် ဘာသာတရားမဟုတ်"

လောကုတ္တရာနှင့် မသက်ဆိုင်သောသာမန် လောကီသင်ပြ ဆုံးမမှုများကို သာ အပေါ်ယံရှုကြည့်မည်ဆိုပါက၊ ဗုဒ္ဓဓမ္မနှင့် အခြားဘာသာတရားများ အကြား တူညီမှုအချို့ ရှိသယောင်ယောင် ထင်ရပေမည်။

ဥပမာအားဖြင့် သတ္တဝါအားလုံးအပေါ် မေတ္တာထားရမည်သော အဆုံးအမ မျိုးတွင် တူညီမှုရှိသလို ထင်ရပါသည်။ ယင်းမေတ္တာတရားကိုပင် နမူနာထား၍ လေ့လာသုံးသပ် ကြည့်ကြပါစို့။ တူညီမှုသည် အပေါ်ယံကြောမျှသာဖြစ်သည်။ မေတ္တာတရားကိုပင် လေးလေးနက်နက် ခွဲခြမ်းစိပ်ဖြာ လေ့လာမည်ဆိုပါက၊ ဗုဒ္ဓဓမ္မတွင် ဟောကြားခဲ့သည့် ပြဟ္မစိုရ်မြောက်သော ဖြူစင်သည့်မေတ္တာတရား သည် အခြားဘာသာများမှ မေတ္တာတရားနှင့်များစွာ ကွာခြားကြောင်း တွေ့ရပါ သည်။

အခြားဘာသာတရားများတွင် တွေ့ရသည့်မေတ္တာတရားသည် ပြဟ္မစိုရ် မြောက်သော မေတ္တာတရားမျိုးသက်သက်မဟုတ်ဘဲ ကိလေသာဖြင့် ညစ်ညမ်း သည့် ချစ်ခြင်း မေတ္တာများပါ ရောယှက်ပါဝင်လျက် ရှိပေသည်။ သို့ဖြစ်၍၊ အရေးကြီးသော အချက်များကို အခြေခံ၍ ခွဲခြမ်းစိပ်ဖြာ လေ့လာကြည့်သည့် အခါတွင် ဗုဒ္ဓဓမ္မနှင့် အခြားဘာသာတရားများအကြား၌ တူညီသောအချက်များ လုံးဝ မရှိသည်ကို တွေ့ရပါသည်။

ဘာသာတရားဆိုသည်မှာ ထာဝရဖန်ဆင်းရှင် ဘုရားသခင်တစ်ဆူ (သို့ မဟုတ်) ဖန်ဆင်းရှင်ဘုရားတစ်ဆူမက ရှိသည်ဟူသော အယူအဆအပေါ်တွင် အခြေခံထား သည့် ကိုးကွယ်ယုံကြည်မှုပင် ဖြစ်သည်။ ဤသည်မှာ လူအများစု နားလည်ထားသော 'ဘာသာတရား'ဆိုသည့် စကားလုံး၏ အဓိပ္ပာယ်ပင် ဖြစ် သည်။ ယင်းအဓိပ္ပာယ်သည် အများက လက်ခံသုံးစွဲနေကြသော အင်္ဂလိပ် အဘိဓာန်များတွင် ဖော်ပြထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်လည်း ယေဘူယျအားဖြင့် သဘောချင်း တူညီပါသည်။

ပထမအချက်၌ ဗုဒ္ဓဓမ္မသည် ဖန်ဆင်းရှင်ဘုရားရှိသည်ဆိုသော အယူအဆ ကို လက်မခံဘဲ ပယ်ချထားပါသည်။ ဗုဒ္ဓဓမ္မသည် ကမ္မဝါဒ (မိမိပြုခဲ့သော ကံများ၏ အကျိုး သက်ရောက်မှုကို ယုံကြည်သောဝါဒ)အရ မိမိတို့ပြုသော ကံများကသာ မိမိတို့၏ ကံကြမ္မာကို ဆုံးဖြတ်ဖန်တီးနိုင်သည်။ ကောင်းသည့်ကံ များ ပြုလုပ်လျှင် ကောင်းသည့်အကျိုးရလာဒ်များရပေမည်။ ဆိုးရွားသည့်

ကံများပြုလုပ်လျှင် ဆိုးရွားသည့်အကျိုးများ ရပေမည်။ ဗုဒ္ဓမြတ်စွာဘုရား ကိုယ်တော်တိုင်မှာလည်း ဖန်ဆင်းရှင်ကဲ့သို့သော သဘာဝထက် ကျော်လွန်သည့် ဝိဉာဉ်တော်(သို့မဟုတ်) ထာဝရဘုရားမျိုး လုံးဝမဟုတ်။ သိဒ္ဓတ္ထဗုဒ္ဓသည် သွေးနှင့်သားနှင့် လူသားစင်စစ်ပင်ဖြစ်သည်။ အမှန်စင်စစ်၊ ဗုဒ္ဓသည် စိတ်ငြိမ်းချမ်းမှုရရှိနိုင်စေ၍၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းနိုင်စေသည့် ကျင့်စဉ်ကို လူသားတစ်ရပ်လုံးအား လမ်းညွှန်ပြသခဲ့သည့်ဆရာမြတ်တစ်ဆူသာ ဖြစ်ပေသည်။

ဒုတိယအချက်၌ ဗုဒ္ဓဓမ္မသည် ယုံကြည်ကိုးကွယ်မှုစနစ် **(system of faith and worship)**လည်း မဟုတ်ချေ။ မျက်စိမှိတ်ယုံကြည်မှုနှင့်လည်း လုံးဝမသက်ဆိုင်ချေ။ အခြားသော ဘာသာတရားများ၌ ထာဝရဘုရားရှင်အပေါ် ယုံကြည်ကိုးစားမှု ထားရှိသကဲ့သို့ ဗုဒ္ဓဓမ္မ၌ ယုံကြည်ကိုးစားမှု **(faith)**ထားရှိရန် အကြောင်း လုံးဝမရှိချေ။ မြတ်စွာဘုရားက ကာလာမမင်းတို့အား ဟောကြားရာ၌ သင်ကြားဖူး၊ နာဖူးသော စကားများကို စဉ်းစားသုံးသပ်ခြင်းမပြုဘဲ လက်မခံပါနှင့်၊ ရိုးရာ အစဉ်အဆက် လက်ခံလာသည်ဆိုရုံမျှနှင့်လည်း လက်မခံပါနှင့်၊ ဗုဒ္ဓဓမ္မ အပါ အဝင် မိမိတို့လေးစား ကိုးကွယ်ရသော လူပုဂ္ဂိုလ်၊ ရဟန်းပညာရှိတို့ ပြောရုံမျှ နှင့်လည်း လက်မခံပါနှင့်၊ ယင်းသို့ ပညာရှိ စကားများကို သေသေချာချာ စဉ်းစား သုံးသပ်ပြီး၊ လက်တွေ့စမ်းသပ် ကျင့်ကြပြီး၊တကယ် အကျိုးရှိကြောင်း တွေ့ရမှသာ ယုံကြည် လက်ခံကြရန် လမ်းညွှန်တော်မူခဲ့ပေသည်။[2]

ဗုဒ္ဓဟောကြားခဲ့သော'ဝိပဿနာဘာဝနာကျင့်စဉ်'ဆိုသည်မှာ အခြားမဟုတ်။ ရူပ်၊ နာမ်၊ ဓမ္မ တို့၏ဖြစ်ပျက်ဖြစ်စဉ်ကို လက်တွေ့စောင့်ကြည့် လေ့လာသုတေသန ပြုခြင်းသာဖြစ်ပေသည်။ ဗုဒ္ဓဓမ္မကို ကျင့်ကြံအားထုတ်ခြင်းအားဖြင့် ရရှိလာသော အသိပညာသည် လက်တွေ့ စောင့်ကြည့် လေ့လာသုတေသန ပြုခြင်းနှင့် ယုတ္တိဗေဒ နည်းစနစ်ကျကျ စဉ်းစားဆင်ခြင်သုံးသပ်ခြင်းတို့မှ ရရှိလာသောအသိပညာတို့သာလျှင် ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့်၊ အရေးကြီး၍ အခြေခံကျသောအချက်များ၊ အယူအဆများကို မှတ်ကျောက်ထား၍ နှိုင်းယှဉ်လေ့လာ ကြည့်သည့်အခါတွင် ဗုဒ္ဓဓမ္မသည် အခြား ဘာသာတရားများနှင့်တူညီမှု လုံးဝမရှိသည်ကို တွေ့ရပါသည်။ လူအများစုသည် ဗုဒ္ဓ ဓမ္မ(သို့မဟုတ်)ဗုဒ္ဓဝါဒကို ဘာသာတရားတစ်ခုအဖြစ် လွယ်လင့်တကူ ခေါ်ဆိုသုံးစွဲကောင်း သုံးစွဲကြပေမည်။ သို့ရာတွင်၊ ထိုသူတို့ အရေးတကြီး မှတ်သားထားသင့်သော အချက်မှာ အမှန်စင်စစ်အားဖြင့်၊ ယင်းသို့ခေါ်ဝေါ်သတ်မှတ်ခြင်းသည် မမှန်ကန်ကြောင်းနှင့် ဗုဒ္ဓဓမ္မ (သို့မဟုတ်) ဗုဒ္ဓဝါဒသည် ဘာသာတရားတစ်ခု လုံးဝမဟုတ်ကြောင်းပင် ဖြစ်သည်။

သီတဂူဆရာတော်ဘုရား ဒေါက်တာ အရှင်ဉာဏာသရ (D. Litt, Ph.D) ကလည်း "ထို့ကြောင့်၊ ဗုဒ္ဓဝါဒကို ဘယ်နည်းနှင့်မျှ ဘယ်အကြောင်းကြောင့်မှ Religionလို့ မဆိုနိုင်ပါဘူး"ဟု မိန့်ကြားခဲ့ပါသည်။

ဗုဒ္ဓဓမ္မနှင့် သိပ္ပံပညာ

သိပ္ပံပညာသည် လက်တွေ့ စောင့်ကြည့်လေ့လာသည့် လက်တွေ့နည်း (method of empirical observation)ကို အသုံးချသည်။ ဗုဒ္ဓဓမ္မသည်လည်း လက်တွေ့ စောင့်ကြည့်လေ့လာသည့် သုတေသနနည်းကိုပင် အသုံးချပေသည်။ ဗုဒ္ဓဓမ္မတွင် ပါရှိသည့်တရားတော်များနှင့် အယူအဆအားလုံးသည် သတိပဋ္ဌာန်ဝိပဿနာဘာဝနာ ကို လက်တွေ့အားထုတ် ပွားများစမ်းသပ်ကြည့်ရာမှ ထွက်ပေါ်လာကြခြင်း ဖြစ်ပေသည်။ အမှန်စင်စစ်အားဖြင့်၊ သတိပဋ္ဌာန် ဝိပဿနာ ဘာဝနာ အလုပ်ဆိုသည်မှာ အခြားမဟုတ်၊ ရူပ်၊ နာမ်၊ ဓမ္မတို့ဖြစ်ပျက်နေခြင်းကို အရှိအတိုင်း လက်တွေ့စောင့်ကြည့် လေ့လာ သုတေသနလုပ်သည့် အလုပ်ပင် ဖြစ်သည်။ သိပ္ပံပညာသည် အဝေးကြည့် မှန်ပြောင်း၊ ရေဒီယို တယ်လီစကုပ်၊

အနုကြည့်မှန်ပြောင်း မိုက်ခရိုစကုပ်၊ အနုမြူ ဒြပ်မှုန်များ အရှိန်မြင့်တင်ပေးသည့် စက်ကြီးများ (atomic particle accelerators)၊ သိပ္ပံဓာတ်ခွဲစမ်းသပ်ခန်းများ စသည့် ဆန်းသစ် တီထွင်ထားသောကိရိယာများ အမျိုးမျိုးကို အသုံးချ၍လေ့လာ၏။ ဗုဒ္ဓဓမ္မကမူ ရိုးရိုးရှင်းရှင်းနှင့် အလွန် ခွန်အားကောင်းသော ကိရိယာတစ်ခုတည်းကိုသာ အသုံးပြု၍လေ့လာ၏။ ယင်းကိရိယာကား ကျွန်ုပ်တို့၏ စိတ်တည်းဟူသော 'ကိရိယာ'ပေတည်း။

ယင်းကဲ့သို့ လက်တွေ့စောင့်ကြည့်လေ့လာသည့်နည်းကို အသုံးပြုခြင်းကြောင့် ဗုဒ္ဓဓမ္မကို သိပ္ပံပညာရပ်ဖြစ်သည်ဟု ဆိုနိုင်၏။ အချို့ ပုဂ္ဂိုလ်များကမူ ဗုဒ္ဓဓမ္မကို 'စိတ်ပိုင်းဆိုင်ရာ သိပ္ပံပညာရပ်' (mental science) ဟု ခေါ်ကြသည်။

သို့ပင်ဖြစ်သော်လည်း၊ ဤနေရာတွင်လည်း သတိပြုမှတ်သားရန် အချက်တစ်ချက် ရှိပါသည်။ ယေဘုယျအားဖြင့် လက်တွေ့လေ့လာနည်းချင်း တူသည်ဟုဆိုရသော်လည်း၊ ဗုဒ္ဓဓမ္မက အသုံးပြုသော လက်တွေ့စောင့်ကြည့် လေ့လာသည့်နည်း၏ နည်းစနစ်များနှင့် အသေးစိတ် လုပ်နည်းကိုင်နည်းများ သည် သိပ္ပံပညာလက်တွေ့ လေ့လာနည်း၏ နည်းစနစ်များထက် ပိုမိုအဆင့်မြင့်စွမ်းရည်ထက်မြတ်၍ ပညတ်ကို ထိုးဖောက်သိမြင်နိုင်စွမ်း ရှိပေသည်။

ဤအချက်ကို ထပ်မံရှင်းလင်း တင်ပြပါဦးမည်။ ကျွန်ုပ်တို့၏အသိဉာဏ်ကို ဒဿနိက တွေးခေါ်ပညာရှင်များက အာရုံသိမှု တိုက်ရိုက်ရရှိသော အသိဉာဏ်၊ 'တိုက်ရိုက် အသိဉာဏ်' (knowledge by acquaintance)နှင့် အာရုံသိမှု တစ်ဆင့်ခံ ဆက်စပ်တွေးခေါ်ရရှိသော အသိဉာဏ် 'ဆက်စပ်တွေးခေါ် အသိဉာဏ်' (knowledge by description) ဟူ၍ အကြမ်းဖျင်းအားဖြင့် နှစ်မျိုးနှစ်စား ခွဲခြားထား၏။[၂]

ပထမအသိဉာဏ်အမျိုးအစားကို 'အာရုံသိမှုတိုက်ရိုက်ရရှိသော အသိဉာဏ်'ဟု ခေါ်ခြင်းမှာ အာရုံ(၆)ပါးနှင့် တိုက်ရိုက်ထိတွေ့ရာမှ ရရှိသော အသိဉာဏ် ဖြစ်သောကြောင့် ယင်းသို့ခေါ်ခြင်း ဖြစ်သည်။ ယင်းအသိဉာဏ်ကို

'တိုက်ရိုက်အသိဉာဏ်' (**direct knowledge**) ဟု စာရေးသူက ခေါ်ချင်ပါသည်။ အဘယ်ကြောင့်ဆိုသော်၊ ယင်းအသိဉာဏ်သည် ကြားခံအဆင့်မပါဘဲ၊ ဆက်စပ်တွေးခေါ်သည့်ဖြစ်စဉ် မပါဝင်ဘဲ တိုက်ရိုက်သိရသော အသိဉာဏ်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ကျွန်ုပ်တို့၏ လက်တွေ့ အတွေ့အကြုံနှင့်ယှဉ်၍ ပြောရမည်ဆိုပါက၊ ကျွန်ုပ်တို့ နေ့စဉ်နေ့တိုင်း ထိတွေ့ နေရသော အာရုံများမှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့နှင့် စိတ်ဖြင့်သာ သိနိုင်သော ဓမ္မာရုံတို့ဖြစ်ကြသည်။ ယင်းတို့ကို မြင်ကာ မတ္တ၊ ကြားကာ မတ္တ၊ ထိတွေ့ကာ မတ္တ၊ သိကာမတ္တ၌ ရပ်တန့်ထားမည်ဆိုပါက ၎င်းတို့သည် အာရုံအဆင့်၌ သာ ရပ်နေပေမည်။ ဤကဲ့သို့ အာရုံသက်သက်ကို သိခြင်းကိုပင် 'အာရုံသိမှ တိုက်ရိုက်ရရှိသောအသိဉာဏ်' (**knowledge by acquaintance**) ဟု ခေါ်ခြင်းဖြစ်သည်။ သို့ရာတွင်၊ ဤအဆင့်မှာပင် ရပ်တန့်မနေဘဲ၊ အာရုံများကို မိမိတို့ တွေးလေ့တွေးထရှိသော တွေးရိုးတွေးစဉ်အတိုင်း တွေးမည်၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဆက်စပ် တွေးမည်၊ သမာရိုးကျ သတ်မှတ်ချက်အတိုင်း တွေးမည်ဆိုပါက၊ ကျွန်ုပ်တို့တွင် သညာသိများ ဖြစ်ပေါ်လာလေတော့သည်။ ဤကား၊ ကိုလှ၊ ဤကား မမြ၊ ဤကား ရန်ကုန်မြို့၊ ဤကား၊ မြန်မာနိုင်ငံ-စသည်ဖြင့် သမာရိုးကျသတ်မှတ်ချက်များအတိုင်း သညာသိများ ဖြစ်ပေါ်လာလေတော့သည်။ ဤသို့သောသညာသိကို 'ဆက်စပ် တွေးခေါ်အသိဉာဏ်' (**knowledge by description**)ဟု ခေါ်သည်။ ဆက်လက်၍ သိပ္ပံပညာနှင့် သက်ဆိုင်သော ဥပမာတစ်ခုကို ပေးပါဦးမည်။ ကျွန်ုပ်တို့သည် အားကောင်းသော ရေဒီယိုတယ်လီစကုပ် မှန်ပြောင်းကြီးဖြင့် ဖမ်းယူကြည့်ရှုရာတွင် အလင်းတန်းတစ်ခုကို ဖမ်းယူရရှိသည်ဟု ဆိုပါစို့။ ယင်းအလင်းတန်းနှင့် ပတ် သက်၍ သိပ္ပံပညာရှင်များက သိပ္ပံပညာနှင့်သင်္ချာနည်းများဖြင့် တွက်ချက် ကြည့်ပြီးနောက်၊ ယင်း အလင်းတန်းသည် ကမ္ဘာမြေကြီးနှင့် အလင်းနှစ်ပေါင်း များစွာ ဝေးကွာသော စကြာဝဠာ အတွင်းတစ်နေရာ၌ နေတစ်စင်းရှိနေကြောင်း အထောက်အထားဖြစ်သည်ဟု ကောက်ချက်ချကြ၏။ သိပ္ပံပညာရှင်များ၏

ကောက်ချက် (သို့မဟုတ်) တွေးဆချက်သည် 'ဆက်စပ်တွေးခေါ် အသိဉာဏ်' ပင်ဖြစ်သည်။

ဒုတိယဉာဏ် အမျိုးအစားကို 'ဆက်စပ်တွေးခေါ်အသိဉာဏ်'ဟု ခေါ်ခြင်းမှာ အာရုံများကို ဆက်စပ်တွေးခေါ်၍၊ သမာရိုးကျပုံစံအတိုင်း စီစဉ်ပုံဖော်ယူရခြင်းကြောင့် ဖြစ်သည်။ စာရေးသူကမူ အာရုံများမှ တိုက်ရိုက်ရရှိခြင်း မဟုတ်ဘဲ၊ အထက်ပါနည်း အတိုင်း ဆက်စပ်တွေးခေါ်ပုံဖော်ခြင်းမှ ရရှိသော အသိဉာဏ် ဖြစ်သောကြောင့်၊ ယင်းအသိဉာဏ်ကို 'တစ်ဆင့်ခံအသိဉာဏ်' (**indirect knowledge**) ဟု ခေါ်ချင်ပါ သည်။ သိပ္ပံပညာသည် အာရုံများကို ကျွန်ုပ်တို့က သိပ္ပံပညာရှင်၏ အနုမာနယူဆချက် များ၊ တွေးဆချက်များနှင့် အဓိပ္ပာယ်ကောက်ယူချက်များအတိုင်း ပုံဖော်ယူထားသော ဒုတိယအမျိုးအစား အသိဉာဏ်မျိုးပင် ဖြစ်သည်။ သိပ္ပံပညာ၏ အဆိုများ၊ သီဝရီများသည် ယင်းကဲ့သို့ သတ်မှတ်ထားသော ဘောင်အတွင်းမှာသာ မှန်ကန်ပေသည်။ သို့သော်၊ ယင်းကဲ့သို့ သတ်မှတ်ထားသော ဘောင်မရှိလျှင် သိပ္ပံပညာအဆိုများ၊ သီဝရီများသည် အဓိပ္ပာယ်ရှိတော့မည် မဟုတ်ချေ။ ထို့ကြောင့်၊ သိပ္ပံပညာသည် အကန့်အသတ်ရှိသော အမှန်တရားဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ဗုဒ္ဓ၏ လက်တွေ့ စောင့်ကြည့်လေ့လာသည့် ဝိပဿနာဘာဝနာရှုနည်းသည် အာရုံများကို ကြားခံမထားဘဲ၊ တိုက်ရိုက်ထိတွေ့၍ ရှုခြင်းဖြစ်သောကြောင့်၊ 'တိုက်ရိုက်အသိဉာဏ်' ဖြစ်ပေသည်။ သို့ဖြစ်သောကြောင့်၊ ဝိပဿနာရှုခြင်းဖြင့် ရရှိသော အသိဉာဏ်သည် အနုမာန ယူဆချက်များ စသည့် ဘောင်သတ်မှတ်ချက်မရှိဘဲ၊ မှန်ကန်သော၊ တစ်နည်းအားဖြင့် အကန့်အသတ်မရှိဘဲ မှန်ကန်သော အမှန်တရားကိုသိသည့် အသိဉာဏ်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

သိပ္ပံပညာရှင်များသည် အာရုံ(၆)ပါးနှင့်ပတ်သက်သည့် အလွန်အရေးကြီးသော အချက်တစ်ချက်ကို ယနေ့အထိ ရှာဖွေတွေ့ရှိခြင်း၊ အသေးစိတ်လေ့လာခြင်းများ မပြုလုပ်နိုင်သေးချေ။ ယင်းအရေးကြီးသောအချက်မှာ အာရုံ(၆)ပါးသည်လည်းကောင်း၊ အာရုံ(၆)ပါးဖြင့် ဖွဲ့စည်းထားသည့် နာမ်နှင့်ရူပ်တို့သည်လည်းကောင်း၊ အစစ်အမှန် တည်ရှိသော ပရမတ္ထတရားများ ဖြစ်ကြ၍၊

ယင်းပရမတ္ထတရားများကို အာရုံသိမှ တိုက်ရိုက်ရရှိသော အသိဉာဏ် (knowledge by acquaintance) ဖြင့်သာ သိရှိနိုင်သည်ဆိုသော အချက်ပင်ဖြစ်လေသည်။ အမှန်စင်စစ်၊ ယင်းပရမတ္ထတရားများနှင့် ပရမတ္ထတရားဟို့ အချင်းချင်း အကြောင်းအကျိုး ဆက်သွယ်နေပုံ အခြင်းအရာကို ဂေါတမ ဗုဒ္ဓမြတ်စွာဘုရား တစ်ပါးတည်းသာလျှင် စတင်ဖော်ထုတ် ဟောကြားတော်မူနိုင်ခဲ့ပေသည်။ တစ်နည်းအားဖြင့် ပြောရလျှင်၊ မြတ်စွာဘုရားဖော်ထုတ်ဟောကြားတော်မူခဲ့သည့် ပရမတ္ထအမြင်ကို သိပ္ပံပညာရှင်များက သိမြင်နိုင်စွမ်းမရှိခဲ့ကြဟု ဆိုရပေမည်။

ထို့ပြင်၊ "အမှန်တကယ်ရှိသော ပရမတ္ထတရားများဟူသည် အဘယ်နည်း"၊ "ကျွန်ုပ်တို့သည် ပြင်ပလောကကို မည်သို့သိရှိနိုင်သနည်း" "ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များသည် အဘယ်ကြောင့်ကိုယ်ကျင့်တရားရှုထောင့်မှ မှန်ကန်သည်ဟူ၍ သတ်မှတ်အချို့လုပ်ဆောင်ချက်များကို မှားသည်ဟု သတ်မှတ်ကြရခြင်း ဖြစ်ပါ သနည်း" စသည့် အခြေခံကျသော ပြဿနာများသည် ဘဝပြဿနာများ ဖြစ်ကြသည်။ ဒဿနိကဗေဒက စူးစမ်းလေ့လာသော ဒဿနိကပြဿနာများလည်း ဖြစ်သည်။ သိပ္ပံပညာသည် ယင်းကဲ့သို့သော အခြေခံ ကျသည့် ဘဝပြဿနာများ၊ ဒဿနိကပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိသေးချေ။ ဗုဒ္ဓဓမ္မကမူ ယင်းသို့သော ဘဝပြဿနာများကို လေးလေးနက်နက် ကိုင်တွယ်ဖြေရှင်းထား ပေသည်။ ထို့ကြောင့်လည်း၊ အချို့ပညာရှင်များက ဗုဒ္ဓဓမ္မကို 'စိတ်ပိုင်းဆိုင်ရာ သိပ္ပံပညာ'(mental science)ဟု ခေါ်ကြခြင်းဖြစ်သည်။

ထိုမျှသာမကပါ၊ သိပ္ပံပညာသည် ဗုဒ္ဓဓမ္မက စိတ်ငြိမ်းစေမှု ရရှိနိုင်စေ၍၊ လူသားတို့၏ ဆင်းရဲဒုက္ခအပေါင်း ချုပ်ငြိမ်းနိုင်စေမည့်ကျင့်စဉ်ကို ချမှတ်လမ်းညွှန်ပေးခဲ့သကဲ့သို့ ကျင့်စဉ်တစ်ခုကို ချမှတ်ပေးနိုင်ခြင်းလည်း မရှိချေ။

သို့ဖြစ်သောကြောင့်၊ ဗုဒ္ဓဓမ္မသည် လက်တွေ့ စောင့်ကြည့်လေ့လာသည့်နည်းကို အသုံးပြုခြင်းတည်းဟူသောအချက်ကြောင့်၊ ထူးခြားသော သိပ္ပံပညာတစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

သိပ္ပံပညာရှင်ကြီး အယ်လ်ဘတ်အိုင်းစတိုင်းက-

"မျက်မှောက်ခေတ် သိပ္ပံပညာ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော ဘာသာတရားတစ်ရပ်ရှိသည်ဆိုပါက၊ ယင်းဘာသာတရားသည် ဗုဒ္ဓဓမ္မပင် ဖြစ်ပေ လိမ့်မည်။"

ဟု ဆိုခဲ့သည်။

ဆားအက်ဒွင်အာနိုးလ်က--

"ကျွန်ုပ် ယခင်က ပြောခဲ့ဖူးပါပြီ။ ယခုလည်း ထပ်ခါပြောပါဦးမည်။ ဗုဒ္ဓဓမ္မနှင့် သိပ္ပံပညာအကြားတွင် နီးစပ်သောအတွေးအခေါ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုရှိနေကြောင်း ပြောကြားလိုပါသည်။"

စာရေးသူ၏အမြင်ကိုပြောရမည်ဆိုပါလျှင်၊ ဗုဒ္ဓဓမ္မသည် သိပ္ပံပညာထက် ထူးကဲသာလွန်သော သိပ္ပံပညာ (super science) ဖြစ်သည်ဟု ပြောချင်ပါသည်။

ဒေါက်တာမင်းတင်မွန်က-

"ဗုဒ္ဓဓမ္မသည် အဆုံးစွန်သော သိပ္ပံပညာ (ultimate science) ဖြစ်သည်"ဟု ထုတ်ဖော်ပြောကြားခဲ့ခြင်းကိုလည်း စာရေးသူက သဘောတူလက်ခံပါသည်။

ဗုဒ္ဓဓမ္မနှင့် ဒဿနိကဗေဒ

ဒဿနိကဗေဒ(philosophy)သည် "အမှန်တကယ်ရှိသော ပရမတ္ထတရားများ ဟူသည် အဘယ်နည်း"၊ "နာမ်တရားဟူသည် အဘယ်နည်း"၊ "ရူပ်တရားဟူသည် အဘယ်နည်း"၊ "ကျွန်ုပ်တို့သည် ပြင်ပလောကကို မည်သို့သိရှိနိုင်သနည်း"၊ "ကျွန်ုပ်တို့၏ အချို့လုပ်ဆောင်ချက်များသည် အဘယ်ကြောင့်

ကိုယ်ကျင့်တရားရှုထောင့်မှ မှန်ကန်သည်ဟုသတ်မှတ်၍၊ အချို့. လုပ်ဆောင်ချက်များကို မှားသည်ဟု သတ်မှတ်ကြရခြင်းဖြစ်ပါသနည်း" စသည့် အခြေခံကျသော ဘဝ ပြဿနာများကို ကိုင်တွယ် လေ့လာသော ပညာရပ်ဖြစ်သည်။ ယင်းပြဿနာ များနှင့် ပတ်သက်၍ မေးခွန်းများမေးပြီး၊ အဖြေများ ထုတ်ကြည့်သည်။ ဗုဒ္ဓဓမ္မ သည်လည်း ယင်းပြဿနာများကိုပင် ကိုင်တွယ်၍ အဖြေများ ထုတ်ပေးထား ပေသည်။ သို့ဖြစ်သောကြောင့်၊ လေ့လာသည့် ဘာသာရပ်အကြောင်းအရာ (**field of study**)ချင်း တူညီသောကြောင့်၊ ဗုဒ္ဓဓမ္မကို ထူးခြားသော ဒဿနိက ဗေဒပညာရပ်' တစ်ခုဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အမှန်စင်စစ်၊ ဗုဒ္ဓဓမ္မသည် ကိုယ်ကျင့်တရားဆိုင်ရာ ဒဿနိကဗေဒ ပညာရပ်ဖြစ်ပေသည်။

ဗုဒ္ဓဓမ္မကို 'ထူးခြားသော' ဒဿနိကဗေဒပညာရပ်ဟု ဆိုရခြင်းမှာ ဗုဒ္ဓဓမ္မက လက်တွေ့.စောင့်ကြည့် လေ့လာသောနည်းကို အသုံးပြုဆောင်ရွက်ခြင်း၊ စိတ်ငြိမ်းချမ်းမှု ရရှိစေနိုင်၍ လူသားတို့၏ ဒုက္ခအပေါင်းချုပ်ငြိမ်းစေနိုင်သည့် ကျင့်စဉ်ကို ချမှတ်လမ်းညွှန်ပေးထားခြင်းတို့.သည် ထူးခြားနေသောကြောင့် ဖြစ်သည်။ ယင်းအချက် နှစ်ချက်သည် ဒဿနိကဗေဒပညာတွင် မရှိချေ။ မတူသောအချက်များကို ထပ်ဆင့် ရှင်းလင်းတင်ပြရမည် ဆိုပါက၊ ဗုဒ္ဓဓမ္မက လက်တွေ့.စောင့်ကြည့် လေ့လာသည့်နည်းကို အသုံးပြု၍၊ ဒဿနိကဗေဒပညာက ယနေ့.ထက်အထိ အသုံးပြုလျက်ရှိသောနည်းမှာ အယူအဆများ၊ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ စဉ်းစားတွေးခေါ်ခြင်း (**conceptual analysis**) နှင့်ယုတ္တိဗေဒနည်းကျကျ ဆင်ခြင်တွေးတောခြင်း (**logical reasoning**) တို့.ကိုသာ အသုံးပြုသည်။

ဤနေရာ၌ ရှင်းလင်းစွာ ဖော်ပြလိုသည်မှာ ဗုဒ္ဓဓမ္မသည် ယင်းနည်း (၂) နည်းစလုံးကိုပင် အသုံးပြုပါသည်။ ဒုတိယနည်းလမ်းကို ထိုက်သင့်သော အတိုင်းအတာအထိ အသုံးပြုပါသည်။ သို့.ရာတွင်၊ ဗုဒ္ဓဓမ္မက အဓိက လေ့လာနည်း (သို့.မဟုတ်) ပထမဦးစားပေး လေ့လာနည်းအဖြစ် အသုံးပြုသော နည်းမှာ

လက်တွေ့စောင့်ကြည့်လေ့လာနည်း (method of empirical observation) ပင် ဖြစ်ပါသည်။ အထက်ဖော်ပြပါ ဒုတိယ နည်းလမ်းများကို ပထမဦးစားပေး လက်တွေ့စောင့်ကြည့်လေ့လာနည်းနှင့်တွဲဖက်၍၊ အထောက်အကူပြု နည်းလမ်းများအဖြစ် အသုံးပြုလုပ်ဆောင်ခြင်းသည် ဗုဒ္ဓဝမ္မ၏ ထူးခြားချက် တစ်ချက်ဖြစ်သည်။

ထိုမျှသာမကပါ၊ ဗုဒ္ဓဝမ္မသည် စိတ်ငြိမ်းချမ်းမှု ရရှိနိုင်စေ၍ လူသားတို့၏ ဒုက္ခအပေါင်း ချုပ်ငြိမ်းနိုင်စေသည့် သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာ(၃)ပါး ကျင့်စဉ်အပြည့်အစုံကို အသေးစိတ်ချမှတ် လမ်းညွှန်ထားပါသည်။ ဒဿနိကဗေဒ ပညာသည် ယင်းသို့ကျင့်စဉ်မျိုး မပါရှိသည်ကို တွေ့ရပါသည်။

အထက်ပါအချက်များကြောင့်၊ ဒေါက်တာမင်းတင်မွန်က 'ဗုဒ္ဓဝမ္မသည် အကြီးမြတ်ဆုံးသော ဒဿနိကဗေဒပညာ (supreme philosophy) ဖြစ်သည်ဟု ထုတ်ဖော်ရေးသားခဲ့ပါသည်။[1]

စာရေးသူ၏အမြင်ကို ပြောရပါလျှင်၊ ဗုဒ္ဓဝမ္မသည် 'လက်တွေ့စောင့်ကြည့်လေ့လာမှုကို အခြေခံသည့်အဆင့်အမြင့်ဆုံးသော ဒဿနိကဗေဒပညာ' (the most advanced empirical philosophy)ဟု ဆိုချင်ပါသည်။

ကိုယ်တိုင်ကိုယ်ကျ လာလှည့်၊ စမ်းသပ်ကြည့်လှည့်စမ်းပါ

အချို့လူများက ဗုဒ္ဓဝမ္မကို လွယ်လွယ်နှင့် ပြောလေ့ပြောထ ရှိသည့်အတိုင်း ဘာသာတရားအဖြစ် စတီသဘောမျိုး ဆက်လက်ခေါ်ဝေါ် ပြောဆိုကောင်း ပြောဆိုကြပေမည်။ ထိုသို့ လွယ်လွယ်နှင့်ပြောချင်လည်း ပြောကြပါစေ။ သို့ရာ

တွင်၊ ထိုသူတို့၏စိတ်ထဲတွင် အစစ်အမှန်တရားများ သိရှိထားရန်လိုပါသည်။ ယင်းအမှန်တရားမှာ ဗုဒ္ဓဓမ္မသည် အနှစ်သာရအားဖြင့် ဘာသာတရားတစ်ခု လုံးဝမဟုတ် ဟူသောအချက်ပင် ဖြစ်ပါသည်။

စာရေးသူသဘောကို ပြောရမည်ဆိုပါလျှင်၊ အယူအဆ လွဲမှားသွားနိုင်ခြင်းကို ရှောင်ရှားရန်အလို့ငှာ၊ ဗုဒ္ဓဘာသာဟုပင် ရည်ညွှန်းခေါ်ဆိုခြင်း မပြုသင့်ပါ။ ဗုဒ္ဓဓမ္မ (သို့မဟုတ်) ဗုဒ္ဓဝါဒဟူ၍သာ သုံးစွဲသင့်သည်ဟု ယူဆပါသည်။

အထက်တွင်တင်ပြခဲ့သော ခွဲခြမ်းစိပ်ဖြာ လေ့လာသုံးသပ်ချက်အရ အောက်ပါ ကောက်ချက်များကို အထောက်အထားအခိုင်အမာဖြင့် ချမှတ်နိုင် ပါသည်။

စကားအဓိပ္ပာယ် အတိအကျပြောရမည်ဆိုပါက၊ ဗုဒ္ဓဓမ္မသည် ဘာသာတရား လုံးဝ မဟုတ်ချေ။

✡ ဗုဒ္ဓဓမ္မသည် လက်တွေ့စောင့်ကြည့်လေ့လာသည့်နည်းကို အသုံးပြုခြင်းကြောင့်၊ သိပ္ပံပညာတစ်ရပ်ပင်ဖြစ်သည်။ အမှန်စင်စစ်၊ သိပ္ပံပညာထက် ထူးကဲသာလွန်သော သိပ္ပံပညာ (super science) ဖြစ်သည်ဟု ဆိုသင့်ပါသည်။

✡ လေ့လာသည့် ဘာသာရပ်အကြောင်းအရာကို အခြေခံ၍ ခွဲခြား သတ်မှတ်မည် ဆိုပါက၊ ဒဿနိကဗေဒ ပညာတစ်ရပ်ဖြစ်သည်။ အမှန်စင်စစ်၊ လက်တွေ့စောင့်ကြည့်လေ့လာမှုကို အခြေခံသည့် အဆင့်အမြင့်ဆုံးသော (the most advanced empirical philosophy) ဒဿနိကဗေဒ ပညာတစ်ရပ် ဖြစ်သည်။

✡ လူသားတို့၏ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြင့်ပေးသောယဉ်ကျေးမှုတစ်ရပ် ဖြစ်သည်။

✡ ဘဝနေနည်းပညာ(art of living)သို့မဟုတ် ဘဝနေထိုင် ပုံနည်းစနစ် (way of life)တစ်ခုဖြစ်သည်။

- ✡ ကိုယ်ကျင့်တရားဗေဒ ဆိုင်ရာနည်းစနစ် (သို့မဟုတ်)ဒဿနိကဗေဒပညာ (**ethical system or philosophy**)တစ်ရပ်ဖြစ်သည်။
- ✡ လူသားတို့၏ ဒုက္ခအပေါင်း ချုပ်ငြိမ်းစေသည့်ကျင့်စဉ် ဖြစ်ပေသည်။

ဗုဒ္ဓတရားတော်၏ ဂုဏ်တော်များအနက် ဂုဏ်တော်တစ်ပါးမှာ ဗုဒ္ဓဓမ္မသည် မည်သို့ ထူးခြားသည်ဆိုသော အချက်ကို တွေးတောကြံဆရုံနှင့် ကျေနပ်မနေဘဲ၊ ကိုယ်တိုင်လာရောက် ကျင့်ကြံပြီး၊ မိမိကိုယ်တိုင် လက်တွေ့သိမြင် ခံစားနိုင်ခြင်းပင် ဖြစ်ပါသည်။

သို့ဖြစ်သောကြောင့်၊ ဗုဒ္ဓဓမ္မနှင့်ပတ်သက်၍၊ မိရိုးဖလာယုံကြည်မှု၊ အယူအဆ များလောက်နှင့်သာ ရောင့်ရဲကျေနပ်မနေကြဘဲ၊ 'ဗုဒ္ဓဓမ္မဆိုတာ ဘာလဲ' ဆိုသည့်အချက်ကို သေချာဂနစ္စာ လေ့လာကြပါစို့ဟု ဖိတ်ခေါ်လိုက်ရပါသည်။

သိပ္ပံပညာ၊ ဒဿနိကဗေဒ စသည့် လေးနက်သောပညာရပ်များကို စိတ်ဝင်စားကြသည့် ပညာတတ်ပုဂ္ဂိုလ်များကိုလည်း သဘာဝတရားကို စနစ်အကျဆုံး၊ အဆင့်အမြင့်ဆုံးနည်းလမ်းဖြင့် ခွဲခြမ်းစိပ်ဖြာ လေ့လာတင်ပြထားသော ဗုဒ္ဓအဘိဓမ္မာတရားတော်ကို လေ့လာကြည့်ကြစမ်းပါဟု ဖိတ်ခေါ်လိုက်ရသတည်း။

နော်ရထာဝင်း

<u>မှတ်စု</u>

၁။ ကေသမုတ္တိသုတ်၊ တိကနိပါတ်၊ အင်္ဂုတ္တရနိကာယ်၊ (ပိဋကတ်တော် မြန်မာပြန်၊ ပထမတွဲ၊ ၁၉၆၆၊ စာ - ၂၀၆)

၂။ ဒေါက်တာဉာဏာသဘရ၊ ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ၂၀၀၇၊ စာ - ၉၃။

၃။ K Sri Dhammanarda, Buddhism in the Eyes of Intellectuals, ကမ္ဘာ့ပညာရှင်များ၏ မျက်လုံးထဲက ဗုဒ္ဓဘာသာ၊ မျိုးဆက်သစ်စာပေ၊ ၂၀၀၄၊ စ - ၁၀၀၊
၄။ Dr. Mehm Tin Mon, The Essence of Buddha Abhidhamma, Mya Mon Yadanar Publication, 1995, page – vi.
၅။ Dr. Mehm Tin Mon, Abhidhammā (Higher Level) Vol I, ITBMU, 2005, page – 11.

WHAT BUDDHISM IS

by

Nawrahta Win

"What Buddhism is"

by

Nawrahta Win

Buddhism is very widely misunderstood by non-Buddhist foreigners and most of traditional Buddhists alike.

At the very outset, I should like to make it absolutely clear that, strictly speaking, Buddhism is not a religion at all. The best way to corroborate this point and bring out its salient characteristics is to undertake a comparative study of Buddhism with other religions, science and philosophy. In this comparative study, we shall employ three criteria, namely, method of inquiry, field of study and practice for the optimum realization of human well-being.

Before proceeding further, I wish to make one point straight and clear. That is the fact that, if all three criteria are to be applied at once and together and all aspects are to be taken into consideration, there is no other branch of human knowledge or system of thought that is quite like Buddhism. In this respect, Buddhism is a class by itself.

However, if we make a comparative study by using one criterion at a time, we shall find out very striking points of similarities between Buddhism and science and Buddhism and philosophy, respectively.

Buddhism is not a religion

On the surface, and as far as non-essential mundane doctrines are concerned, there are some similar teachings in Buddhism and other religions such as "love" for other living beings. Even in these areas, let us take "love" as an example, similarities are only superficial. Once we go deeper in our analysis, even the concept of loving kindness in Buddhism is very much different from that of love in other religions. When we come to essential doctrines, there are no common denominators at all between Buddhism and other religions.

Religion is a system of faith and worship, based on the concept of the existence of a supernatural creator god or gods. This is the general meaning of the word "religion", as given in standard English dictionaries and as understood by most people.

In the first place, Buddhism rejects the concept of the existence of a creator god or gods. Buddhism, instead, upholds the doctrine of Kamma (efficacy of actions). According to this doctrine, our own actions determine our destinies. If we perform meritorious deeds, we shall get good results, and if we commit sins, we shall get bad ones. Lord Buddha is not a supernatural being. He is a human being in flesh and blood. He is only a great teacher who shows us the way to the attainment of inner peace, leading to the cessation of all human sufferings.

In the second place, Buddhism is not a system of faith and worship. Buddhism is founded on empirical observation and logical reasoning. There is no place for faith in Buddhism. Lord Buddha advises Kalama Kings not to accept without reasoning any hearsay, traditional beliefs or words of any learned and wise man, including himself. He urges to accept his teachings and those of other wise men only after careful reasoning and finding out practical proofs and results through the practice of those teachings.[1] Meditation of mindfulness is nothing but an empirical research work on mental and physical events. All the knowledge gained through the practice of Buddha's teachings is empirical knowledge, combined with logical reasoning.

As such, in terms of essential and fundamental doctrines and concepts, Buddhism has nothing in common with other religions. People may refer to Buddhism as a religion for convenience's sake. But it is important to bear in mind that such a reference is incorrect and that Buddhism is not a religion at all.

Sîtagû Sayadaw Dr. Nyanissara also proclaims that, in the traditional sense of the word, Buddhism cannot be called a religion by any means and on any account.[2]

Buddhism vis-à-vis science

Science employs the method of empirical observation. So does Buddhism. All the doctrines and concepts in Buddhism come out of the practical exercise of meditation of mindfulness (vipassana). As a matter of fact, meditation of mindfulness is nothing but the empirical observation of mental and physical events as they occur. Science employs various sophisticated instruments such as radio telescopes, microscopes, atomic particle accelerators, laboratories etc. Buddhism employs a single powerful instrument i.e. one's own mind.

On account of its method of empirical observation, Buddhism is indeed a science. I shall call it a unique system of science. Some people call it "mental science."

It must be noted, however, that, in several ways, techniques and detailed modus operandi of Buddha's scientific method are much more penetrating and powerful than those, employed by science. Let me explain this point with reference to the two types of knowledge. Philosophers divide knowledge into two types: "knowledge by acquaintance" (direct knowledge) and "knowledge by description" (indirect knowledge).[3] Knowledge by acquaintance is so called, because we acquire this knowledge through our direct contact with sense data. I shall call it direct knowledge, since we acquire it directly from sense

data first-hand without any intermediary step or process of inference. Knowledge by description is so called, because we acquire it by the process of inference and description of sense data. I shall call it indirect knowledge since we acquire it not directly from sense data but by describing and inferring from sense data according the convention of habitual thinking and conceptions. The scientific knowledge is the knowledge that we acquire by describing and inferring from sense data according to the conventions of certain scientific assumptions and interpretations. Scientific knowledge is, therefore, indirect knowledge. To illustrate with our practical experience, everyday we come into contact with sense data i.e. sight sound, smell, taste and touch as well as natural objects which can be comprehended only by mind. If we keep them at the stage of just seeing hearing and touching, they remain only sense data and no more. Perceiving sense data in such a way is called "knowledge by acquaintance". But if we do not stop at this stage and interpret sense data according to our conventions, habitual thinking and association of ideas, they we come to recognize that this is Ko Hla, Ma Mya, Yangon City, Myanmar etc. .This knowledge is called "knowledge by description" to give an example from science, we detect some streak of light through a radio telescope. Scientists do necessary scientific and mathematical calculations, and infer that this is evidence of the existence of a star millions of light years away from the earth. Scientists' inference about the existence of a distant star is "knowledge by description".

Scientific knowledge is valid but only within the confines of certain assumptions and interpretations. Knowledge acquired by the Buddhist method of the meditation of mindfulness is the direct knowledge, since it comes straight

from sense data at first hand. As such, this direct knowledge is valid without any assumptions.

Up till now, scientists have not dealt with one very important aspect of sense data. That very important aspect relates to the fact that sense data are indeed realities which we can know only through knowledge by acquaintance. Lord Buddha alone has expounded these realities (paramathas) and their causal relations in a most detailed manner.

Moreover, science does not tackle problems of life or philosophical problems such as "What are realities?", "How do we know the external world?", "Why certain actions are considered to be right and certain actions are considered to be wrong?" etc. Nor does it deal with mind from the point of view of realities (paramathas). Buddhism deals with these subjects in depth. That is why it is called "mental science."

In addition, science does not lay down, as Buddhism does, a practice that will bring inner peace, leading to the cessation of all human sufferings.

In view of the above, Buddhism is a science in terms of the empirical method of inquiry it employs. Albert Einstein says:

"It there is any religion that would cope with modern scientific needs it would be Buddhism." [4]

Sr. Edwin Arnold says:

"I have often said, and I shall say again and again, that between Buddhism and modern science there exist a close intellectual bond." [5]

As for me, I wish to term Buddhism a super science. I also agree with Dr. Mehm Tin Mon when he says that Buddhism is "the ultimate science." [6]

Buddhism vise-a-visa philosophy

Philosophy studies fundamental questions such as "What are realities?", "What is mind?", "What is matter?", "How do we know the external world?", "Why certain actions are considered to be right and certain other actions are considered to be wrong?" etc.

So does Buddhism. Philosophy and Buddhism share the same field of study. We may call Buddhism a unique system of philosophy. Buddhism is, indeed, an ethical philosophy.

It is called a unique system of philosophy, because the method of inquiry it employs as well as its practice that brings inner peace, leading to the cessation of all human sufferings, is conspicuous by their absence in other philosophies. The principal method of inquiry, employed by Buddhism, is empirical observation. The method of inquiry, employed by philosophy up till now, is conceptual analysis and logical reasoning. Buddhism also employs to some extent conceptual analysis and logical reasoning as a secondary method of inquiry in supplement to, and in combination with empirical observation. But the fact remains that its principal method of inquiry is empirical observation.

Moreover, Buddhism lays down a comprehensive and elaborate three-fold practice i.e., morality, concentration and insight for the attainment of inner peace, leading to the cessation of all human sufferings.

For these reasons, Dr. Mehm Tin Mon calls Buddhism "the supreme Philosophy."[7] As for me, I shall term it "the most advanced empirical philosophy."

Come and see for yourself

Some people may still call Buddhism a religion nominally for convenience's sake. But they should bear in mind that, in essence and substance, Buddhism is not a religion at all. I should like to advise them to refer to Buddhism as Buddha Dhamma (teachings), rather than as a religion.

From the foregoing analysis, we can conclude the following on the basis of firm evidence and concrete facts:-

Buddhism is not a religion.

- ✡ It is a science in terms of the empirical method it employs. It may appropriately be termed as a super science.
- ✡ It is a philosophy in terms of its field of study. It may appropriately be termed as the most advanced empirical philosophy.

- ✡ It is a culture or a spiritual culture, if you like.
- ✡ It is a way of life.
- ✡ It is an ethical system or a practice for inner peace, leading to the cessation of all human sufferings.
- ✡ It is an art of living.
- ✡ It is a problem-solving methodology in its most advanced and sophisticated form and
- ✡ It is an important subject for serious study at schools and universities by students and scholars alike, as well as an art of living or a branch of knowledge to be applied, in daily life by every one of us.

One of the attributes of Lord Buddha's teachings is his open invitation to everyone to come and practise Buddhism and see for oneself here and now in what ways Buddhism is unique.

Let us, therefore, not be content with traditional myths and misconceptions about Buddhism. Let us pursue a careful and serious study to see what Buddhism really is.

For those people who are keenly interested in deep study of profound subjects, they are most cordially invited to study the Buddhist Abhidhammā (the Buddhist philosophy or Lord Buddha's Higher Teachings). They are sure to be very much impressed when they come to learn the most detailed and

sophisticated analysis of mind and matter as well as myriads of methods in Abhidhammā which they cannot find anywhere else.

Nawrahta Win

(Article from *The New Light of Myanmar* newspaper of 18-7-2008)

Footnotes

1. Kesamutti Sutta, Tika Nipat, Anguttara Nikaya (Myanmar Translation Text—MTT), Vol. I, Religious Affairs Dept, 1966, page 206.
2. Dr. Nyanissara, Buddha and Buddhism, Sîtagû International Buddhist University, 2007, page -92
3. Russell, Bertrand, the Problems of Philosophy, Oxford university press, 1974, page -25.
4. Albert Einstein, Buddhism Copes with Science, Buddhism in the Eyes of Intellectuals (ကမ္ဘာပညာ ထိုမျက်လုံးထဲက ဗုဒ္ဓဘာသာ)၊ မျိုးဆက်သစ်စာပေ၊ ၂၀၀၄၊ စာ–၁၀၀၊
5. Sir Edwin Arnold, Buddhism and Modern Science, (ကမ္ဘာပညာ ထိုမျက်လုံးထဲက ဗုဒ္ဓဘာသာ)၊ မျိုးဆက်သစ်စာပေ၊ ၂၀၀၄၊ စာ–၁၀၀၊
6. Dr. Mehm Tin Mon, The Essence of Buddha Abhidhamma, Mya Mon Yadanar Publications, 1995, page vi.
7. Dr. Mehm Tin Mon, Abhidhamma (Higher Level), Vol. I, I.T.B.M.U, 2005, page 11.

“ ဗုဒ္ဓ၏ တရားဦး ”

နော်ရထာဝင်း

သာယာသော ညနေခင်းဖြစ်သည်။ နေမင်းသည် သူ၏ တစ်နေ့တာ လုပ်ငန်းပြီးစီးပြီဖြစ်၍ အနားယူပေတော့မည်။ တစ်နေ့ခင်းလုံး အလျှံတငြီးငြီး တောက်လောင်နေခဲ့သော မီးတောက်ကြီးဖြစ်ခဲ့ရာမှ ယခုတော့ အသွင်ပြောင်းသွားပါပြီ။ နေချိုနေပါပြီ။ နေမင်းသည် ဟိမဝန္တာတောင်တန်း၏ တောင်စွယ်များ အပေါ်တွင် မေးတင်လျက် ဟစ်ညတာ အနားယူမှေးစက်ခြင်းမပြုမီ သြကာသ လောကကြီးတစ်ခုလုံးအား အပြုံးပန်းနှင့် နှုတ်ဆက်နေပါပြီ။

နေဝင်ဆည်းဆာရှုခင်းသည် ရင်သတ်ရှုမော အံ့သြဖွယ်ရာ ကောင်းလောက်အောင် မကြုံစဖူး အလှထူးနေပါသည်။

အနောက်ဘက်ကောင်းကင်ပြင်နှင့် တိမ်တောင်တိမ်လိပ်တို့ အပေါ်သို့ နေခြည်ဖြာကျနေပုံမှာလည်း ဆေးရောင်စုံတိမ်ပန်းချီကား တစ်ချပ်ရေးချယ်ထားသလို ထွန်းလင်းတောက်ပကာ လှပရှုမောဖွယ် ကောင်းလှပါသည်။ တိမ်တောင် တိမ်လိပ်တို့သည် ရွှေရောင်၊ လိမ္မော်ရောင်၊ ကြက်သွေးရောင်၊ ခရမ်းရောင်တို့သို့ အနုအရင့် တဆင့်ဆင့်ကူးပြောင်းကာ ရောင်စုံဖြာနေပုံမှာလည်း

ပန်းချီဆရာတွေ ရုံးလောက်သည့် သဘာဝရှုခင်းအလှပင် ဖြစ်ပါသည်။ ရွှေရောင်တောက်နေသော နေဝန်းကြီး၏အလှနှင့် တိမ်တွေ ရောင်စုံတောက်နေသည့် နောက်ခံရှုခင်းတို့၏ အလှကို ပေါင်းစပ်လိုက်သောအခါ နေဝင်ဆည်းဆာအလှတွေထဲတွင် သရဖူဆောင်းသော ဆည်းဆာရှုခင်း အလှရတနာတစ်ပါး ဖြစ်သွားပါတော့သည်။

အရှေ့ဘက်ကောင်းကင်ပြင်တွင်ကား ဝါဆိုလ (ဇူလိုင်လ)ပြည့်နေ့တွင် ထွက်သော လမင်းစန္ဒာ၏ ဝိုင်းစက်ဝင်းပနေသည့် မျက်နှာသည် ဟိမဝန္တာတောင်စွယ်အထွဋ်မျှားအကြားမှ ပြူကြည့်လျက် ရှိလေပြီ။ လပြည့်ဝန်းသည် မကြာမီ ကောင်းကင်ယံခရီးကို နှင်ပေတော့မည်။

တောအုပ်သည်ကား အလွန်ပင် စိမ်းလန်းနေသည်။ မြင့်မားသော သစ်ပင်ကြီးများ၏ မြစိမ်းရောင်သစ်ရွက်သစ်ခက်များသည် လူသွားလမ်းလေးပေါ်သို့ နေပျောက်မထိုးနိုင်လောက်အောင် ပေါင်းမိုးသဖွယ် မိုးပေးထားလေသည်။ အမှန်စင်စစ် ဤတောအုပ်သည် သားသမင်တို့ ဘေးအန္တရာယ် ကင်းရှင်းလျက် ပျော်ရွှင်ချမ်းမြေ့ငြိမ်းချမ်းစွာ ကျက်စားပျော်မြူးစွာ နေထိုင်ရာ ဘေးမဲ့တော ဖြစ်ပေသည်။ မြင်ကွင်းတစ်ခုလုံးသည် သားသမင်များနှင့် အသက်ဝင်လှုပ်ရှားလျက်ရှိသည်။ စိမ်းလန်းသော ခြုံပုတ်များအကြားတွင် လူးလာဆန်ခပ်သွားလာလျက် မြူးတူးခုန်ပေါက် ကစားနေသော သမင်များ၊ အစာစားနေသော သမင်များကို ဟိုမှာတစ်စု၊ ဒီမှာတစ်စု တွေ့မြင်နေရသည်။

ဤကဲ့သို့ အလှကြွယ်နေသော ညနေဆည်းဆာရှုခင်းသည်ကား ကြီးငယ်မဟူ မြင်ရသူတိုင်း စိတ်ရှင်လန်းကာ ပီတိဖြာရစေနိုင်သော ရှုခင်းပေတည်း။

လေနုအေးကလေးသည် တောအုပ်အတွင်းသို့ ညင်ညင်သာသာ တိုက်ခတ်လျက်ရှိ၏။

မလှမ်းမကမ်းရှိ တောင်ကျစမ်းချောင်းရေစီးသံလွင်လွင်ကလေး ကိုလည်း ကြားနေရ၏။ စမ်းချောင်းရေစီးသံလွင်လွင်မှတပါး ဩကာသ

လောကတစ်ခုလုံးသည် ပကတိငြိမ်သက်တိတ်ဆိတ်လျက်ရှိ၏။

ပတ်ဝန်းကျင်လောကမါတ်တစ်ခုလုံး၌ ငြိမ်းချမ်းခြင်းနှင့် ဆိတ်ငြိမ်ခြင်းတို့သည်သာ လွှမ်းခြုံ၊ စိုးမိုးလျက်ရှိလေသည်။

ထိုအချိန်နှင့် ထိုဒေသသည်ကား 'ဗုဒ္ဓ၏ တရားဦး' ဓမ္မစက္ကြာ တရားဟောကြားတော်မူရန် အထူးသင့်လျော်လိုက်ဖက်သည့် အချိန်အခါ သမယနှင့် ရေခံမြေခံ ဩကာသပတ်ဝန်းကျင်ပေတည်း။

မြတ်စွာဘုရားသည် အရွက်များအုပ်အုပ်ဆိုင်းဆိုင်းနှင့် အရိပ် ကောင်းလှသော သစ်ပင်တစ်ပင်ခြေရင်း၌ ထိုင်နေတော်မူ၏။ ရသေ့ ငါးပါးတို့သည် မြတ်စွာဘုရားအား ဦးခိုက်လျက် မြက်ခင်းပြင်ပေါ်တွင် ထိုင်နေကြ၏။

" ဓမ္မစက္ကြာသုတ် "

ထိုအခါ၊ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂိရဟန်းတို့ကို မိန့်တော်မူ၏-

ရဟန်းတို့ ရဟန်းဖြစ်သူသည် ဤအစွန်းနှစ်ပါးတို့ကို မမှီဝဲအပ် ကုန်၊ အဘယ်နှစ်ပါးတို့နည်း၊ ယုတ်ညံ့၍ သာမန်အရပ်သားတို့၏အကျင့် ဖြစ်သော ပုထုဇဉ်တို့၏ အလေ့အကျင့်သာဖြစ်၍၊ အရိယာတို့၏ အလေ့အကျင့်မဟုတ်သော အကျိုးစီးပွားနှင့် မစပ်ယှဉ်သော ကာမဂုဏ်တို့၌ ကာမချမ်းသာကို ကပ်ငြိသောအားဖြင့် အဖန်တလဲလဲလိုက်စားအားထုတ်ခြင်း လည်းကောင်း၊ ကိုယ်နှင့်စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွားနှင့် မစပ်ယှဉ်သော ကိုယ်ပင်ပန်းအားထုတ်ခြင်း လည်းကောင်း ဤနှစ်ပါးတို့တည်း။

ရဟန်းတို့ ထိုအစွန်းနှစ်ပါးတို့သို့ မကပ်ရောက်မူ၍ ငါဘုရားသည်

အထူးသိတော်မူအပ်သော၊ ပညာမျက်စိကို ပြုတတ်သော၊ ဉာဏ်အမြင်ကို ပြုတတ်သော၊ အလယ်အလတ်ကျင့်စဉ်သည် ကိလေသာငြိမ်းရန် အလို့ငှာ ဖြစ်၏။ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှာ ဖြစ်၏။ (သစ္စာလေးပါးကို)သိရန် အလို့ငှာဖြစ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှာ ဖြစ်၏။

ရဟန်းတို့ ငါဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော၊ ပညာမျက်စိကို ပြုတတ်သော၊ ဉာဏ်အမြင်ကို ပြုတတ်သော၊ ကိလေသာ ငြိမ်းခြင်း၊ ထူးသောဉာဏ်ဖြင့် သိခြင်း၊ သစ္စာလေးပါးကို သိခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်သော ထိုအလယ်အလတ်မြတ်သော ကျင့်စဉ်ကား အဘယ်နည်း။

ဤအဋ္ဌင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပင်တည်း။

ဤအဋ္ဌင်္ဂါရှစ်ပါးရှိသော အရိယမဂ်ဟူသည် အဘယ်နည်း။

မှန်စွာ သိမြင်ခြင်း - 'သမ္မာဒိဋ္ဌိ'
မှန်စွာ ကြံခြင်း - 'သမ္မာသင်္ကပ္ပ'
မှန်စွာပြောဆိုခြင်း - 'သမ္မာဝါစာ'
မှန်စွာပြုလုပ်ခြင်း - 'သမ္မာကမ္မန္တ'
မှန်စွာအသက်မွေးခြင်း - 'သမ္မာအာဇီဝ'
မှန်စွာအားထုတ်ခြင်း - 'သမ္မာဝါယာမ'
မှန်စွာအောက်မေ့ခြင်း - 'သမ္မာသတိ'
မှန်စွာတည်ကြည်ခြင်း - 'သမ္မာသမာဓိ' ဤသည်တို့တည်း။

ရဟန်းတို့ ငါဘုရားသည် အထူးသဖြင့်သိတော်မူအပ်သော၊ ပညာမျက်စိကို ပြုတတ်သော ဉာဏ်အမြင်ကို ပြုတတ်သော ဤအလယ်အလတ်ဖြစ်သော၊ မြတ်သောကျင့်စဉ်သည် ကိလေသာငြိမ်းရန် အလို့ငှာ ဖြစ်၏။ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှာ ဖြစ်၏။ (သစ္စာလေးပါးကို)သိရန် အလို့ငှာ ဖြစ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှာ ဖြစ်၏။

ရဟန်းတို့ ဤသည်ကား ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား

'ဒုက္ခအရိယသစ္စာ'ပေတည်း၊ ပဋိသန္ဓေတည်နေရခြင်းသည်လည်း ဆင်းရဲ၏။ အိုရခြင်းသည်လည်း ဆင်းရဲ၏။ နာရခြင်းသည်လည်း ဆင်းရဲ၏။ သေရခြင်းသည်လည်း ဆင်းရဲ၏။ မချစ်သောသူတို့နှင့် အတူနေရခြင်းသည်လည်း ဆင်းရဲ၏။ ချစ်သောသူတို့နှင့် ကွေကွင်းရခြင်းသည်လည်း ဆင်းရဲ၏။ လိုချင်ရာကို မရခြင်းသည်လည်း ဆင်းရဲ၏။ အကျဉ်း အားဖြင့် စွဲလမ်းရာအာရုံဖြစ်သော ခန္ဓာငါးပါးတို့သည်လည်း ဆင်းရဲကုန်၏။

ရဟန်းတို့ ဤသည်ကား ဆင်းရဲ၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား 'သမုဒယသစ္စာ' ပေတည်း။ အကြင်တဏှာသည် ဘဝသစ်၌ ဖြစ်စေတတ်၏။ နှစ်သက်ခြင်း၊ တပ်မက်ခြင်းနှင့်တကွ ဖြစ်၏။ ထိုထိုအာရုံ၌ လွန်စွာ နှစ်သက်တတ်၏။

ဤတပ်မက်မှုတဏှာဟူသည် အဘယ်နည်း။ ကာမဘုံတို့၌ တပ်မက်မှုတဏှာ 'ကာမတဏှာ'၊ တည်မြဲ၏ဟု ယူဆသော 'သဿတဒိဋ္ဌိ' နှင့်တကွ ဖြစ်သော တပ်မက်မှုတဏှာ 'ဘဝတဏှာ'၊ သေလျှင်ပြတ်စဲ၏ဟု ယူသော 'ဥစ္ဆေဒဒိဋ္ဌိ' နှင့်တကွဖြစ်သော တပ်မက်မှုတဏှာ 'ဝိဘဝတဏှာ' တို့တည်း။

ရဟန်းတို့ ဤသည်ကား ဆင်းရဲ၏ ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရား 'နိရောဓ အရိယသစ္စာ' ပေတည်း၊ ယင်းဆင်းရဲ၏ ချုပ်ငြိမ်းရာဟူသည် ထိုတပ်မက်မှုတဏှာသာလျှင် အကြွင်းမဲ့စွဲမက်မှု ကင်းပျောက် ချုပ်ငြိမ်းရာ၊ စွန့်လွှတ်ရာ၊ တဖန် စွန့်ပယ်ရာ၊ လွတ်မြောက်ရာ၊ မကပ်ငြိရာပင် ဖြစ်၏။

ရဟန်းတို့ ဤသည်ကား ဆင်းရဲ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက် ကြောင်းကျင့်စဉ်ဖြစ်သော အရိယာတို့၏ အမှန်တရား 'မဂ္ဂအရိယ သစ္စာ'ပေတည်း၊ ဤအရိယမဂ်သည် အင်္ဂါရှစ်ပါးရှိ၏။ အင်္ဂါရှစ်ပါး ဟူသော်ကား -

မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'၊
မှန်စွာ ကြံခြင်း 'သမ္မာသင်္ကပ္ပ'၊
မှန်စွာ ပြောဆိုခြင်း 'သမ္မာဝါစာ'၊

မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'၊
မှန်စွာ အသက်မွေးခြင်း'သမ္မာအာဇီဝ'၊
မှန်စွာအားထုတ်ခြင်း 'သမ္မာဝါယာမ'၊
မှန်စွာ အောက်မေ့ ခြင်း 'သမ္မာသတိ'၊
မှန်စွာတည်ကြည်ခြင်း 'သမ္မာသမာဓိ' ဤသည်တို့တည်း။

ဒုက္ခသစ္စာ၌ ဉာဏ်သုံးပါး

ရဟန်းတို့၊ "ဤတရားတော်သည် ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား 'ဒုက္ခအရိယသစ္စာ' မည်၏။"ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဖူးကုန်သော (ဒုက္ခသစ္စာ) တရားတို့၌ ငါဘုရား၏ (ပညာ)မျက်စိ သည် ထင်ရှားဖြစ်၏။ အမျှားအားဖြင့် သိတတ်သော ဉာဏ်ပညာသည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိသောဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ (သစ္စဉာဏ်)

ရဟန်းတို့၊ ငါဘုရားသည် 'ထိုဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား 'ဒုက္ခအရိယသစ္စာ'ကို စင်စစ်ပိုင်းခြား၍ သိထိုက်၏။' '(ကိစ္စဉာဏ်)

ရဟန်းတို့၊ ငါဘုရားသည် 'ထိုဆင်းရဲဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'ဒုက္ခအရိယသစ္စာ' ကို ပိုင်းခြား၍ သိခဲ့ပြီးပြီ'ဟု (ဘုရား မဖြစ်မီ) ရှေးက မကြားဖူးကုန်သော (ဒုက္ခသစ္စာ)တရားတို့၌ (ပညာ) မျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အမျှားအားဖြင့် သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိသောဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ (ကတဉာဏ်)

သမုဒယသစ္စာ၌ ဉာဏ်သုံးပါး

ရဟန်းတို့ ‘ဤတရားသည် ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား ‘သမုဒယအရိယသစ္စာ’မည်၏’ ဟု (ဘုရား မဖြစ်မီ) ရှေးက မကြားဖူးကုန်သော (သမုဒယသစ္စာ)တရားတို့၌ ငါ ဘုရား၏ (ပညာ)မျက်စိသည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ် သော ဉာဏ်‘ပညာ’သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိသောဉာဏ် ‘ဝိဇ္ဇာ’သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ (သစ္စဉာဏ်)

ရဟန်းတို့၊ ငါဘုရားသည် ‘ထိုဆင်းရဲ၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား ‘သမုဒယအရိယသစ္စာ’ကို စင်စစ်ပိုင်းခြား၍ သိထိုက်၏’ (ကိစ္စဉာဏ်)

ရဟန်းတို့၊ ငါဘုရားသည် ‘ထိုဆင်းရဲ၏ အကြောင်းဖြစ်သော ဤအရိယာတို့၏ အမှန်တရား ‘သမုဒယအရိယသစ္စာ’ကို ပိုင်းခြား၍ သိခဲ့ပြီးပြီ’ ဟု (ဘုရားမဖြစ်မီ)ရှေးက မကြားဖူးကုန်သော (သမုဒယသစ္စာ)တရားတို့၌ (ပညာ)မျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အများအားဖြင့် သိတတ်သော ဉာဏ်‘ပညာ’သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိသောဉာဏ် ‘ဝိဇ္ဇာ’သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ (ကတဉာဏ်)

နိရောဓသစ္စာ၌ ဉာဏ်သုံးပါး

ရဟန်းတို့၊ ‘ဤနိဗ္ဗာန်သည် ဆင်းရဲခြင်း၏ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရား ‘နိရောဓအရိယသစ္စာ’ မည်၏’ ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဖူးကုန်သော (သမုဒယသစ္စာ) တရားတို့၌ ငါဘုရား၏(ပညာ)မျက်စိသည်

ထင်ရှားဖြစ်၏။ အမျှားအားဖြင့် သိတတ်သော ဉာဏ် 'ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိသောဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ (သစ္စဉာဏ်)

ရဟန်းတို့၊ ငါဘုရားသည် 'ထိုဆင်းရဲ၏ ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရား 'နိရောဓအရိယသစ္စာ'ကို စင်စစ်ပိုင်းခြား၍ သိထိုက်၏' (ကိစ္စဉာဏ်)

ရဟန်းတို့၊ ငါဘုရားသည် 'ထိုဆင်းရဲ၏ ချုပ်ရာဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'နိရောဓ အရိယသစ္စာ'ကို ပိုင်းခြား၍ သိခဲ့ပြီးပြီ'ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဖူးကုန်သော (နိရောဓသစ္စာ)တရားတို့၌ (ပညာ) မျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အမျှားအားဖြင့် သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိသောဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ (ကတဉာဏ်)

မဂ္ဂသစ္စာ၌ ဉာဏ်သုံးပါး

ရဟန်းတို့၊ 'ဤနိဗ္ဗာန်သည် ဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း အရိယာတို့၏ အမှန်တရား 'မဂ္ဂအရိယသစ္စာ' မည်၏' ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဖူးကုန်သော (မဂ္ဂသစ္စာ) တရားတို့၌ ငါဘုရား၏ (ပညာ)မျက်စိသည် ထင်ရှားဖြစ်၏။ အမျှားအားဖြင့် သိတတ်သော ဉာဏ် 'ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိသော ဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ (သစ္စဉာဏ်)

ရဟန်းတို့၊ ငါဘုရားသည် 'ထိုဆင်းရဲ၏ချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း အရိယာတို့၏ အမှန်တရား 'မဂ္ဂအရိယ သစ္စာ'ကို စင်စစ်ပိုင်းခြား၍ သိထိုက်၏' (ကိစ္စဉာဏ်)

ရဟန်းတို့၊ ငါဘုရားသည် 'ထိုဆင်းရဲ၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဤအရိယာတို့၏ အမှန်တရား 'မဂ္ဂအရိယသစ္စာ'ကို ပိုင်းခြား၍ သိခဲ့ပြီးပြီ'ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဖူးကုန်သော (မဂ္ဂသစ္စာ)တရားတို့၌ (ပညာ)မျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အမျှားအားဖြင့် သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိသော ဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ (ကတဉာဏ်)

ဘုရားဟု ဝန်ခံချိန်

ရဟန်းတို့၊ ဤအရိယာတို့၏ အမှန်တရားလေးပါးတို့၌ ဤသို့ သုံးပါးသော အပြန်တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော မှန်ကန်သော ဉာဏ်အမြင် မစင်ကြယ်သေးသမျှ ကာလပတ်လုံး ငါဘုရားသည် နတ်၊ မာရ်နတ်၊ ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သမဏ ဗြဟ္မဏမင်းများ၊ လူများနှင့် တကွသော လူ့လောက၌ 'အတုမရှိသော (အလုံးစုံ သော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိသော 'အရဟတ္တမဂ်ဉာဏ်ကို သိပြီ'ဟူ၍ ဝန်မခံခဲ့ချေ။

ရဟန်းတို့၊ ဤအရိယာတို့၏ အမှန်တရားလေးပါးတို့၌ ဤသို့ သုံးပါးသော အပြန်တစ်ဆယ့်နှစ်ပါးသော အခြင်းအရာရှိသော မှန်ကန်သော ဉာဏ်အမြင်သည် စင်ကြယ်လာသောအခါ၌သာလျှင် ငါဘုရားသည် နတ်၊ မာရ်နတ်၊ ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သမဏ ဗြဟ္မဏမင်းများ လူများနှင့် တကွသော ဤလူ့လောက၌ 'အတုမရှိသော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိသော အရဟတ္တမဂ်ဉာဏ်ကို သိပြီ'ဟု ဝန်ခံခဲ့၏။ ငါ၏ ကိုလေသာတို့မှ လွတ်မြောက်မှုသည် မပျက်စီးနိုင်ပြီကား၊ အဆုံးစွန်သော

ဘဝတည်း၊ ယခုအခါ ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီဟု ငါ့အား ဉာဏ်အမြင် (ပစ္စဝေက္ခဏာဉာဏ်)သည်လည်း ထင်ရှားဖြစ်ပေါ်ခဲ့ပြီဟု (မိန့်တော်မူ၏)

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူလတ်သော် ပဉ္စဝဂ္ဂီ ရဟန်းတို့သည် နှစ်လိုကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ စကားတော်ကို ဝမ်းမြောက်စွာ ခံယူကြလေသတည်း။

ဤဂါထာမဖက် သက်သက်သော ဒေသနာတော်ကို ဟောကြားတော်မူလတ်သော် အရှင်ကောဏ္ဍညအား 'ဖြစ်ခြင်းသဘောရှိသော အလုံးစုံတို့သည် ချုပ်ခြင်းသဘောရှိ၏'ဟု (ကိုလေသာ) မြူအညစ်အကြေးကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်'သည် ဖြစ်ပေါ်လာ၏။

နတ်ဗြဟ္မာတို့ ကြွေးကြော်ကြခြင်း

မြတ်စွာဘုရားသည် ဓမ္မစက္ကာတရားကို ဟောတော်မူလတ်သော် 'ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောဝယ် လောက၌ ရဟန်း၊ ပုဏ္ဏား၊ နတ်၊ မာရ်နတ်၊ ဗြဟ္မာ တစ်စုံတစ်ယောက်မျှ မဟောနိုင်သော အတုမရှိသော ဤဓမ္မစက္ကာတရားတော်ကို မြတ်စွာဘုရားဟောတော်မူ အပ်ပြီ'ဟု ဘုမ္မစိုးနတ်တို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။

ဘုမ္မစိုးနတ်တို့၏ ကောင်းချီးပေးသံကို ကြား၍ စာတုမဟာရာဇ်နတ်တို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။ ပ။

စတုမဟာရာဇ်နတ်တို့၏ ကောင်းချီးပေးသံကို ကြား၍ တာဝတိံသာနတ်။ပ။ ယာမာနတ်။ ပ။ တုသိတာနတ်။ ပ။ နိမ္မာနရတိနတ်။ပ။ ပရနိမ္မိတဝသဝတ္တီနတ်။ပ။ ဗြဟ္မာ့ပြည်၌ဖြစ်သော ဗြဟ္မာတို့သည် 'ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောဝယ် လောက၌ ရဟန်း၊ ပုဏ္ဏား၊ နတ်၊ မာရ်နတ်၊ ဗြဟ္မာတစ်စုံတစ်ယောက်မျှ မဟောနိုင်သော အတုမရှိသော ဤဓမ္မစက္ကာ

တရားတော်ကို မြတ်စွာဘုရား ဟောတော်မူ အပ်ပြီ'ဟု ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။

ဤသို့လျှင် ထိုအချိန် ထိုအခါ ထိုကာလတွင် (အကန်၌) ပြဟ္မာ့ပြည် တိုင်အောင် ကောင်းချီးသံသည် ပြန့်နှံ့၍ တက်၏။

ဤတစ်သောင်းသော လောကဓါတ်သည်လည်း တုန်လှုပ်၏။ ပြင်းစွာ တုန်လှုပ်၏။ ထက်ဝန်းကျင် တုန်လှုပ်၏။ အတိုင်းအရှည်မရှိ ကြီးမားသော အရောင်အလင်းသည်လည်း လောကဋ္ဌ နတ်တို့၏ အာနုဘော်ကို ကျော်လွန်၍ ထင်ရှားဖြစ်ပေါ်၏။

ထိုအခါ၊ မြတ်စွာဘုရားသည် 'ရဟန်းတို့ ကောဏ္ဍညသည် သစ္စာ လေးပါးတရားကို သိလေပြီတကား၊ ရဟန်းတို့ ကောဏ္ဍညသည် သစ္စာ လေးပါး တရားကို သိလေပြီတကား'ဟု ဥဒါန်းကို ကျူးရင့်တော်မူ၏။

ဤသို့ ဥဒါန်းကျူးရင့်တော်မူသောကြောင့်၊ အရှင် ကောဏ္ဍညအား 'အညာသိကောဏ္ဍည' ဟူ၍သာလျှင် အမည်တွင်၏။

ထို့နောက် အရှင်ကောဏ္ဍညသည် တရားကို မြင်ပြီးသည်ဖြစ်၍၊ တရားသို့ ရောက်ပြီးသည်ဖြစ်၍၊ တရားကို သိပြီးသည်ဖြစ်၍၊ တရားသို့ သက်ဝင်ပြီး သည် ဖြစ်၍၊ ယုံမှားခြင်းကို ကူးမြောက်ပြီးသည်ဖြစ်၍ သို့လော၊ သို့လော (တွေးတောခြင်း) ကင်းပြီးသည်ဖြစ်၍ မြတ်စွာဘုရား သာသနာ၌ ရဲရင့်ခြင်းကို ရောက်ပြီးသည်ဖြစ်၍ ဘုရားမှတပါး ကိုးစားထိုက်သူမရှိသည်ဖြစ်၍ မြတ်စွာ ဘုရားကို 'အရှင်ဘုရား၊ အကျွန်ုပ်သည် မြတ်စွာဘုရားအထံ၌ ရှင်အဖြစ်ကို ရလိုပါ၏။ ရဟန်းအဖြစ်ကို ရလိုပါ၏' ဟု လျှောက်၏။

"ရဟန်း လာလော့"၊ " တရားတော်ကို ကောင်းစွာ ဟောအပ်ပြီ ဆင်းရဲခြင်း၏ အဆုံးကိုပြုခြင်းငှာ မြတ်သောအကျင့်ကို ကောင်းစွာကျင့်လော့' ဟု မြတ်စွာ ဘုရားသည် မိန့်တော်မူ၏။ ထိုစကားတော်သည် ပင်လျှင် ထိုအရှင် အညာသိ ကောဏ္ဍည၏ ပဋိဉာဏ်အဖြစ် ပြီးလေ၏။

ရှင်းလင်းပွင့်ဆိုချက်

ဗုဒ္ဓဘုရားရှင် အားလုံးသည် ဘုရားအဖြစ်သို့ ရောက်တော်မူ ပြီးနောက် ပထမဆုံးဟောကြားတော်မူကြသော တရားတော်သည် သစ္စာလေးပါး တရားတော်ပင်ဖြစ်ပေသည်။ နိုင်ငံရေးလောကမှ ဥပမာဖြင့် နှိုင်းယှဉ်ဖော်ပြရမည် ဆိုပါက အသစ်တက်လာသော အစိုးရအဖွဲ့တစ်ဖွဲ့က ၄င်း၏ မူဝါဒသဘောထား ကြေညာချက်ကို ထုတ်ပြန်ကြေညာခြင်းနှင့်တူသည်ဟု ဆိုရပေမည်။ ဗုဒ္ဓဓမ္မ တွင် အဓိကကျလှသော ဤတရားတော်ကို စတင်လည်စေခဲ့ခြင်းပင် ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ သက်ဆုံးတိုင် သာသနာပြုလုပ်ငန်းကိုလည်း စတင်ခဲ့ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဤသုတ္တန်ကို ဓမ္မစက္ကသုတ္တန်ဟု ခေါ်တွင်ခြင်း ဖြစ်သည်။

သစ္စာလေးပါးတရားတော်သည် လှည်းဘီး၏ အလယ်ရှိ လှည်းပဒေါင်း နှင့် တူသည်။ လှည်းဘီးဒေါက်များသည် လှည်းပဒေါင်းမှ ဖြုတ်ထွက်သွားရ သကဲ့သို့ မြတ်စွာဘုရား ဟောကြားသမျှသော တရားတော်များသည် ဤသစ္စာ လေးပါးတရားတော်မှ ဖြုတ်ထွက်သွားခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ မြတ်စွာ ဘုရားဟောကြားခဲ့သော တရားတော်အားလုံး၏ အနှစ်သာရကို ခြုံငုံဖော်ပြ နိုင်သော တရားတစ်ပုဒ်ကို ထုတ်ပြရမည်ဆိုပါလျှင် ဤသစ္စာလေးပါး တရားတော်ကိုပင် ထုတ်ပြရမည် ဖြစ်သည်။

အမှန်စင်စစ်အားဖြင့် သစ္စာလေးပါးသည် အခြားမဟုတ်။ အဆင့် အမြင့်ဆုံး၊ အသေးစိတ် စနစ်အကျဆုံးနှင့် အသိမ်မွေ့အနက်နဲဆုံးသော ပြဿနာဖြေရှင်းနည်းပညာ (problem - soluing methodology) သာလျှင် ဖြစ်ပါသည်။ ထို့ပြင် သစ္စာလေးပါးကိုယ်ကျင့်တရားပညာ (ethics) တွင် အကျုံးဝင်သော ကိုယ်ကျင့်တရား အခြေခံမူလေးပါး (four fandamental ethical principles) လည်း ဖြစ်ပါသည်။ နောက်ဆုံးတွင် သေသေချာချာ သတ္တု ချကြည့်မည်ဆိုပါက ကျွန်ုပ်တို့၏ ဘဝသည် အခြားမဟုတ်။ နေ့စဉ်

ကြုံတွေ့နေရသည့် ပြဿနာများကို တစ်ခုပြီးတစ်ခု ကိုင်တွယ်ဖြေရှင်းနေရသည့် ပြဿနာဖြေရှင်းခြင်း လုပ်ငန်းစဉ်ကြီး (a series of problem- solving exercises)သာလျှင် ဖြစ်ကြောင်း တွေ့ရပါသည်။ အမှန်အတိုင်း တိတိကျကျ ပြောရမည်ဆိုပါလျှင် ရှိရှိသမျှသော သက်ရှိသတ္တဝါအားလုံးတို့က ရည်ရွယ်ချက်ဖြင့် သိလျက် ပြုမူဆောင်ရွက်သည့် အပြုအမူ၊ လုပ်ရပ်အားလုံးသည် ပြဿနာဖြေရှင်းနည်း အခြေခံမူ (၄)ချက်တို့နှင့် အကျုံးဝင်ပါသည်။ တနည်းအားဖြင့် ပြဿနာဖြေရှင်း နည်း အခြေခံမူ (၄)ချက်တို့နှင့်အညီသာ လှုပ်ရှားလုပ်ကိုင်နေကြခြင်း ဖြစ်ပါသည်။

(၁) ပြဿနာကို ထုတ်ဖော်သတ်မှတ်ခြင်း သို့မဟုတ် ပြဿနာကို ပိုင်းခြားသိမြင်ခြင်း၊
(၂) ပြဿနာ၏ အရင်းအမြစ် (အကြောင်းတရားကို ရှာဖွေ သိရှိခြင်း၊
(၃) ပြဿနာ၏ အဖြေကို သိမြင်ခြင်းနှင့်
(၄) ပြဿနာ၏ အဖြေကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

ဆရာဝန်သမားတော်ကြီး ဥပမာ

အကောင်းဆုံးနှင့် အဆိုလျော်ဆုံးသော ဥပမာတစ်ခုမှာ ဆရာဝန် သမားတော်ကြီးဥပမာပင် ဖြစ်သည်။ မြတ်စွာဘုရားသည် ကျွမ်းကျင်သော သမားတော်ကြီးနှင့် တူသည်။ သစ္စာလေးပါးသည် သမားတော်ကြီးက လူနာအား ရောဂါရှာဖွေ၍ ဆေးကုပေးသော ဆေးကုထုံးနှင့်တူသည်။

- ပထမဦးဆုံး သမားတော်ကြီးသည် လူနာခံစားနေရသော ရောဂါကို ရှာဖွေရပေမည်။ (diagnosis of the disease)။

- ဒုတိယအဆင့်၌ ရောဂါ၏ဇစ်မြစ် သို့မဟုတ် အကြောင်းတရားကို ရှာဖွေရပေမည်။

- တတိယအဆင့်၌ လူနာ၏ ရောဂါကို ကုသရန်အလို့ငှာ ရောဂါ ဖြစ်စေသော အကြောင်းတရားကို ဖယ်ရှားခြင်း (ပယ်ခြင်း) ပြုရပေမည်။

- စတုတ္ထအဆင့်၌ လူနာခံစားနေရသော ရောဂါ၏ အကြောင်း တရားကို ဖယ်ရှားနိုင်ရန်အလို့ငှာ လိုအပ်သောဆေးများ စားသုံးမှီဝဲစေခြင်း၊ လိုအပ်သော ကုသမှုများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရပေမည်။

ဤဥပမာ၌ သမားတော်ကြီးသည် အခြေခံမူလေးချက်၊ တစ်နည်း အားဖြင့် ကုသမှုအဆင့်လေးဆင့် မည်သို့မည်ပုံ ဆောင်ရွက်သည်ကို ထပ်မံ၍ အသေးစိတ် ရှင်းလင်းဖော်ပြလို့ရသည်။ သမားတော်ကြီးထံသို့ အဖျားတက် နေသော လူနာတစ်ဦး ရောက်လာသည်ဆိုပါစို့။

သမားတော်ကြီးက -

(၁) ပထမဆုံး ဆောင်ရွက်ရမည့် အချက်မှာ လူနာ၏ရောဂါကို ရှာဖွေ သတ်မှတ်ရန် ကိစ္စပင် ဖြစ်သည်။ အဖျားတက်ခြင်းသည် ရောဂါ အတော်များများကြောင့် ဖြစ်နိုင်၏။ အအေးမိခြင်း၊ အူရောင် ငန်းဖျား ရောဂါ၊ သွေးလွန်တုပ်ကွေး၊ ကင်ဆာရောဂါ၊ ဝမ်းပျက်ခြင်း၊ အပူရှိပ်ခြင်း၊ ငှက်ဖျား ရောဂါစသည့် ရောဂါအများအပြားအနက်မှ တစ်ခုခုကြောင့် ဖြစ်ရပေမည်။ လူနာကို စမ်းသပ်စစ်ဆေးကြည့်ရာ တွင် လူနာသည် ငှက်ဖျားရောဂါ ဖြစ်နေကြောင်း တွေ့ရသည် ဆိုပါစို့။

(၂) ဒုတိယဆောင်ရွက်ရမည့်အချက်မှာ ငှက်ဖျားရောဂါကို ဖြစ်စေသည့် အကြောင်းတရားကို ရှာဖွေသတ်မှတ်ရန် ဖြစ်သည်။ ယင်းသို့ ရှာဖွေ ရာတွင် အနောဖလိစ် အမျိုးအစား ခြင်ကောင်များ (Anopheles mosquitoes) သယ်ဆောင်လာသည့် ပလက်စ်မိုဒီယံ အမျိုးအစား ရောဂါပိုး (Plasmodium parasites)များ လူနာ၏ သွေးထဲတွင်ရောက်ရှိနေခြင်းကြောင့်ဖြစ်ကြောင်းတွေ့ရှိရလေသည်။

(၃) သမားတော်ကြီးက တတိယဆောင်ရွက်ရမည့် အချက်မှာ ငှက်ဖျားရောဂါ၏ ဇစ်မြစ်အကြောင်းတရားကို ဖယ်ရှားပစ်ရန် ဆုံးဖြတ်ဆောင်ရွက်ခြင်းပင် ဖြစ်သည်။ ဤကိစ္စတွင်မူ သမားတော်ကြီး၏ ရည်ရွယ်ချက်နှင့် ဆုံးဖြတ်ချက်မှာ လူနာရောဂါပျောက်ကင်း၍ ပြန်လည်ကျန်းမာလာစေရေးအတွက် အထက်ဖော်ပြပါ ရောဂါပိုးမွှားများကို တိုက်ခိုက်ဖယ်ရှားပစ်ရန် ဖြစ်ပေသည်။

(၄) စတုတ္ထဆောင်ရွက်ရမည့်အချက်မှာ သမားတော်ကြီးက လူနာ၏ ခန္ဓာကိုယ်တွင်းသို့ ရောက်ရှိနေသော ပလက်စ်မိုဒီယံပိုးများ (Plasmodium parasites)နှိမ်နင်းဖယ်ရှားရန်အတွက် ကွိနိုင်ဆေးပေးခြင်းအားဖြင့် ကုသခြင်းပင် ဖြစ်သည်။

ဤကုသမှုကြောင့် လူနာ၏ ငှက်ဖျားရောဂါ ပျောက်ကင်းသွား လေသည်။

နောက်ထပ်ဥပမာတစ်ခု ထပ်ဆောင်ပါဦးမည်။ သမားတော်ကြီးဆီသို့ အကောင်တစ်ကောင်ကိုက်သည့် ဒါဏ်ရာနှင့် လူနာတစ်ဦးရောက်လာသည် ဆိုကြပါစို့။ လူနာသည် သူ့ကို ဘာအကောင်ကိုက်လိုက်မှန်း မသိချေ။

(၁) ပထမဆောင်ရွက်ရမည့်အချက်မှာ - သမားတော်ကြီးက ရောဂါကို ရှာဖွေသတ်မှတ်ရန် ဖြစ်သည်။ ဤဥပမာ၌ သမားတော်ကြီးက ရှာဖွေဖော်ထုတ်ရမည့်အချက်မှာ လူနာကို ကိုက်သွားသည့်

အကောင်သည် မြွေ ဟုတ်မဟုတ်၊ အခြား ပိုးမွှားကောင် တိရစ္ဆာန်တစ်မျိုးမျိုး ဟုတ်မဟုတ် ထုတ်ဖော်ရန် ဖြစ်၏။ မြွေဖြစ်ခဲ့လျှင်လည်း အဆိပ်ရှိသော မြွေဟုတ်မဟုတ် ထုတ်ဖော်ရန် လိုအပ်ပေသည်။

(၂) စစ်ဆေးကြည့်သောအခါတွင်၊ လူနာကို အဆိပ်ရှိသော မြွေတစ်ကောင်က ကိုက်လိုက်ကြောင်း တွေ့ရှိရသည် ဆိုပါစို့။ နောက်တစ်ဆင့် ရှာဖွေဖော်ထုတ်ရမည့်အချက်မှာ - မည်သည့် မြွေဆိပ်အမျိုးအစား ဖြစ်သနည်းဆိုသော အချက်ပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ပြောရမည်ဆိုလျှင်၊ သမားတော်ကြီး စစ်ဆေးဖော်ထုတ်ရမည့်အချက်မှာ အဆိပ်ရှိသော မြွေအမျိုးမျိုး အနက်မှ မြွေပွေး သို့မဟုတ် မြွေဟောက် သို့မဟုတ် ငန်းတော်ကြားမြွေ ကိုက်ခဲ့ခြင်း ဟုတ်မဟုတ်ကို သေချာစွာ စစ်ဆေးဆုံးဖြတ်ရန် လိုအပ်ပေသည်။ အဘယ့်ကြောင့်ဆိုသော်၊ မြွေဆိပ်အမျိုးအစား ပေါ် မူတည်၍ မြွေဆိပ်ဖြေဆေး အမျိုးအစားကို ရွေးချယ်ကာ ထိုးပေးရန် လိုအပ်သောကြောင့် ဖြစ်ပေသည်။ အကယ်၍ မြွေဆိပ်အမျိုးအစားကို မသတ်မှတ်နိုင်ဘူး ဆိုပါက အမှန်တကယ် ကိုက်ညီသော မြွေဆိပ်ဖြေဆေးကို ထိုးပေးနိုင်လိမ့်မည် မဟုတ်ချေ။ ယခု ဥပမာတွင်မူ၊ လူနာကို ကိုက်သောမြွေမှာ မြွေပွေးဖြစ်သည် ဆိုပါစို့။

(၃) တတိယအဆင့်အဖြစ် ဆောင်ရွက်ရမည့်အချက်မှာ သမားတော်ကြီးက လူနာအားတက်နေသော မြွေဆိပ်ကို ပြက်ပျယ်သွားအောင် ပြုလုပ်ရန်ပင် ဖြစ်သည်။ သမားတော်ကြီးသည် လူနာ၏ ခန္ဓာကိုယ်ထဲတွင် ရောက်ရှိပျံ့နှံ့နေသော မြွေဆိပ်များကို ပြက်ပျယ်သွားစေရန် ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက် ရပေလိမ့်မည်။

(၄) စတုတ္ထအဆင့် ဆောင်ရွက်ရမည့်အချက်မှာ လက်တွေ့ကုသခြင်း

ပင် ဖြစ်သည်။ သမားတော်ကြီးသည် မြွေပွေးအဆိပ်ဖြေဆေးကို လူနာအား ထိုး၍ အဆိပ်၏ အာနိသင်ပြက်ပျယ်အောင် ဆောင်ရွက်ရပေမည်။ ယင်းကဲ့သို့ မြွေဆိပ်ဖြေဆေးထိုး၍ ကုသပေးခြင်းကြောင့် လူနာ၏အသက်ကို ကယ်ဆယ်ပြီး၊ ရောဂါဝေဒနာ ပျောက်ကင်းသွားသည်။

အထက်ပါ ဥပမာများမှ နှိုင်းယှဉ်ချက်များကို ထုတ်နှုတ်ကြည့်ကြပါစို့။

- ဒုက္ခသစ္စာကို ရှာဖွေထုတ်ဖော်ခြင်း၊ ဒုက္ခသစ္စာကို သိခြင်းသည် သမားတော်ကြီးက ရောဂါရှာဖွေခြင်း (diagnosis) နှင့် တူသည်။
- ဒုက္ခ၏အကြောင်းတရား၊ သမုဒယသစ္စာကို စူးစမ်းရှာဖွေခြင်းသည် သမားတော်ကြီးက ရောဂါ၏အကြောင်းရင်းကို စူးစမ်းလေ့လာရှာဖွေခြင်းနှင့် တူသည်။
- ဒုက္ခချုပ်ငြိမ်းရာ နိရောဓသစ္စာကို ထိုးထွင်းသိမြင်ခြင်းသည် သမားတော်ကြီးက ရောဂါ၏ အကြောင်းရင်းကို ဖယ်ရှားကုသရန် ဆုံးဖြတ်ချက် ချခြင်းနှင့် တူသည်။
- မဂ္ဂင် (၈) ပါးလမ်းစဉ်ကို လက်တွေ့ကျင့်သုံး၊ အကောင်အထည်ဖော်ခြင်းသည် သမားတော်ကြီးက လူနာအား လိုအပ်သော ဆေးများပေးကာ ကုသပေးခြင်းနှင့် တူပါသည်။

ကိုယ်ကျင့်တရားပညာ၏ အခြေခံမူကြီးလေးချက်

ဤနေရာတွင် အထူးဖော်ပြလိုသည်မှာ မြတ်စွာဘုရားသည် ကိုယ်ကျင့်တရားပညာ၏ အခြေခံမူကြီးစေလေးချက်ကို တိကျမှန်ကန်စွာ ပထမဦးဆုံးဖော်ထုတ်ချမှတ်ခဲ့သော လမ်းသစ်တီထွင်သူ ခေါင်းဆောင်ကြီး ဖြစ်ပေသည်။

ထိုမျှသာ မကပါ။ မြတ်စွာဘုရားတစ်ဦးတည်းသာလျှင် ဤမူကြီး

လေးချက်၏ လွန်စွာအရေးပါပုံကို ဖော်ထုတ်ဟောကြားခဲ့ပြီး လက်တွေ့အား ဖြင့်လည်း လူ့ဘဝတွင် အခက်ခဲဆုံးနှင့် အမြင့်မားဆုံးသော သစ္စာလေးပါး ပြဿနာကို ကိုင်တွယ်ရာ၌ အောင်မြင်စွာအသုံးချခဲ့ပြီး တိကျသောအဖြေများ ကိုလည်း ဟောကြားပြသတော်မူခဲ့ပါသည်။ အမှန်စင်စစ်အားဖြင့် ဤမူကြီး လေးချက်သည် သက်ရှိသတ္တဝါအားလုံးတို့၏ သိလျက်နှင့်ပြုသော အပြုအမူ အားလုံးကို ထိန်းကျောင်းပေးနေသည့် အခြေခံအချက်များပင် ဖြစ်သည်။ လူသားအားလုံးတို့၏ သိလျက်နှင့်ပြုမူဆောင်ရွက်သည့် အပြုအမူအားလုံးကို လည်း ထိန်းကျောင်းနေသော အခြေခံအချက်ကြီးများပင် ဖြစ်သည်။ သမိုင်း တစ်လျှောက် လူသားတို့၏ တိုးတက်ယဉ်ကျေးလာမှု၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုး တိုးတက်မှု၊ စစ်မဲ့တိုက်ခိုက်ခြင်း၊ လုပ်ငန်းခွင် စီမံကွပ်ကဲမှုနှင့် အုပ်ချုပ်မှု (Business Management & Administration)၊ မိမိတို့၏ ကိုယ်ရေးကိုယ်တာ ဖြေရှင်းခြင်း စသည်ဖြင့် နေ့စဉ် လက်တွေ့ဘဝ၌ ကြုံတွေ့ရသော ပြဿနာ အားလုံးသည် ယင်းမူကြီး လေးချက်၌ အကျုံးဝင်လျက် ရှိပေသည်။ သို့ဖြစ် သောကြောင့်၊ ကျွန်ုပ်တို့သည် ဤအခြေခံမူကြီးလေးချက်ကို ကျွမ်းကျင်နိုင်နင်း ပြီး ဖြည့်ဆည်းနိုင်လေလေ ကျွန်ုပ်တို့၏ ချမ်းသာသုခ အကျိုးစီးပွားကို ရရှိ အောင် စွမ်းဆောင်နိုင်လေလေပင် ဖြစ်ပါသည်။

သတ္တဝါများ၏ အပြုအမူများ မြစ်ဖျားခံရာ အခြေခံ အကြောင်းများ



သတ္တဝါများ၏ အပြုအမူများကို ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်ကြပါစို့။ ဤနေရာတွင်၊ ရေတက်ခြင်းဒုက္ခကို ခံစားနေရသော သမင်တစ်ကောင်၏ ဥပမာ တင်ပြလိုပါသည်။ သမင်သည် တိရိစ္ဆာန်တို့၏ ပင်ကိုယ်အသိဉာဏ် (animal instinct) ဖြင့် ၄င်း၏ ခန္ဓာကိုယ်အတွင်း၌ ရေဓါတ်အလုံအလောက် မရှိတော့ဘဲ အလွန်နည်းပါးနေပြီဖြစ်ကြောင်း သိလာသည်။ ယင်း သမင်သည် ရေတဝကြီးသောက်ရလျှင် ၄င်းခံစားနေရသည့် ရေတက်ခြင်းဒုက္ခဝေဒနာကို ပျောက်ကင်းစေနိုင်မည်ဖြစ်ကြောင်း အတွေ့အကြုံအရ သိရှိထားသည်။ ထို့ကြောင့်၊ ယင်းရည်ရွယ်ချက်ဖြင့် သစ်တောအတွင်း တောကောင်များ သွားလာသည့်လမ်းများအတိုင်း လှည့်လည်၍ ရေထွက် တစ်နေရာကို တွေ့ရှိ အောင် ကြိုးပမ်းရှာဖွေလေတော့သည်။ ယင်းသမင်၏ အတွေ့အကြုံ အပေါ်တွင် ပြဿနာဖြေရှင်းရေး အခြေခံမူကြီးလေးချက်ကို စံထားလျက် ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်မည်ဆိုပါက၊ အောက်ပါအတိုင်း တွေ့ရပေမည်။

(၁) ရေတက်ခြင်းဝေဒနာသည် သမင်ရင်ဆိုင်နေရသော ပြဿနာ ဖြစ်သည်။

(၂) သမင်၏ ခန္ဓာကိုယ်အတွင်း၌ ရေဓါတ်အလုံအလောက် မရှိတော့ခြင်းသည် ပြဿနာ၏ အရင်းအမြစ် သို့မဟုတ် အကြောင်းတရားပင် ဖြစ်သည်။

(၃) ရေအလုံအလောက်သောက်ခြင်းသည် ပြဿနာကို ပြီးဆုံးသွားစေလိမ့်မည် ဟူသောအသိသည် ပြဿနာဖြေရှင်းရန် နည်းလမ်းကို ဖော်ပြလျက် ရှိပေသည်။

(၄) သစ်တောအတွင်းရှိ အနီးဆုံး ရေထွက်တစ်ခုကို ရှာဖွေ၍ ရေသောက်ခြင်းသည် ပြဿနာပြေလည်စေမည့် နည်းလမ်းပင် ဖြစ်သည်။

ယင်းသမင်သည် အထက်ပါ အချက်ကြီးလေးချက်ကို ဖြည့်ဆည်းနိုင်ပြီး၊ သစ်တောအတွင်းရှိ ရေထွက်တစ်နေရာကို ရှာဖွေနိုင်မည်ဆိုပါလျှင် ၎င်း၏ ရေတက်ခြင်းကို ဖြေဖျောက်နိုင်ကာ သုခချမ်းသာကို ခံစားနိုင်မည် ဖြစ်ပါသည်။

ယင်းအခြေခံမူကြီး လေးချက်ကို ဖြည့်ဆည်းအကောင်အထည်ဖော်ရာ၌လည်း အဆင့်အမျိုးမျိုး ရှိပေသည်။ အထက်ဥပမာတွင် ပါရှိသော သမင်ကဲ့သို့ အသိဉာဏ်နည်းပါးသော သတ္တဝါတစ်ကောင်သည် သစ်တောအတွင်းရှိ ရေထွက်တစ်နေရာကို ရှာဖွေရုံထက် ပို၍ကောင်းမွန်သော နည်းလမ်းများကို တီထွင်ရှာဖွေနိုင်စွမ်း မရှိချေ။ သို့ရာတွင်၊ ဤကမ္ဘာမြေပေါ်၌ အသိဉာဏ်အရှိဆုံးသတ္တဝါဖြစ်သည့် လူသားသည်ကား အခြေခံမူကြီး လေးချက်ကို ဖြည့်ဆည်းအကောင်အထည်ဖော်ရာ၌ ပိုမိုအဆင့်မြင့်သော နည်းများစွာဖြင့် ဆောင်ရွက်နိုင်စွမ်း ရှိပေသည်။ လူသားသည် သဘာဝရေထွက်နေရာကို ရှာဖွေခြင်းကဲ့သို့ မရေရာ မသေချာသော ရေရရှိရေး နည်းလမ်းမျှလောက်နှင့် ရောင့်ရဲတင်းတိမ်နေလိမ့်မည် မဟုတ်ချေ။

ထို့ထက်ပိုမိုကောင်းမွန်သော နည်းလမ်းများကို ဧကန်မုချ ရှာဖွေလိမ့်မည်သာ ဖြစ်သည်။ လူသားသည် ရေကောင်းရေသန့်၊ ရရှိနိုင်သော ရေတွင်းများ တူးဖော်ခြင်း၊ တာတမံများ၊ ရေလှောင်ကန်များ ဆောက်လုပ်ခြင်းအားဖြင့် မိုးရေကို သိုလှောင်ထားနိုင်သော နည်းလမ်းများကို တီထွင်ဆောင်ရွက်ခြင်းဖြင့် ရေကောင်းရေသန့်ကို အချိန်မရွေးရနိုင်သော ခေတ်မီရေပေးရေးစနစ်တစ်ခုကို ကြိုးပမ်းတည်ထောင်ရန် စွမ်းနိုင်ပေသည်။

သိပ္ပံနှင့်နည်းပညာသည် လည်းကောင်း၊ လူသားတို့၏ ယဉ်ကျေးမှုသည် လည်းကောင်း တိုးတက်လာသည် ဆိုရာ၌ ယင်းအခြေခံမူကြီးလေးချက် ဖြည့်ဆည်းဆောင်ရွက်နိုင်မှုအပေါ်တွင် မူတည်၍ တိုးတက်လာခြင်းသာ ဖြစ်သည်။ လျှပ်စစ်မီး တီထွင်ခဲ့ခြင်းကို ဥပမာအနေဖြင့် လေ့လာကြည့်ကြပါစို့။ ကျောက်ခေတ်ကာလအတွင်းက ကျောက်ခေတ်လူသားများသည် ညအခါ၌ ကျောက်ဂူ အတွင်းတွင် အမှောင်ကြီးထဲမှာပင် နေထိုင်ခဲ့ကြရသည်။ ထိုအခါက ညအချိန် အမှောင်ကြီးထဲတွင် နေထိုင်ရခြင်းကို ပြဿနာတစ်ရပ်ဟု မထင်မှတ်ခဲ့ကြ။ ကျေနပ်ဖွယ်ရာမရှိသော အခြေအနေဖြစ်သည်ဟူ၍လည်း မသိခဲ့ကြချေ။ ထို့ကြောင့်၊ လူသားတို့သည် ပြဿနာ၏ အရင်းအမြစ်ကိုလည်း မသိနိုင်ခဲ့ကြပေ။ ထို့အတူပင်၊ ပြဿနာဖြေရှင်းခြင်း၏ အကျိုးခံစားရမှု (ဥပမာအားဖြင့် ဖယောင်းတိုင်၊ ရေနံဆီမီးခွက်ထွန်းခြင်းကဲ့သို့သော အလင်းရောင်ထွက်မည့် ပစ္စည်းများကို အသုံးပြုခြင်း)ကိုလည်း မြင်နိုင်စွမ်းမရှိခဲ့ချေ။ ထို့ကြောင့်၊ ယင်းပြဿနာ၏ ဖြေရှင်းချက်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ချေ။

ဗုဒ္ဓ၏ တရားဦး

လူသားတို့သည် ကြေးဝယ်စသည့် ကိရိယာများကို အသုံးပြုတတ်သည် အထိ ယဉ်ကျေးလာသည်နှင့်အမျှ အလင်းထွက်ပစ္စည်းများ အသုံးပြုနည်းများ ကိုလည်း တဖြည်းဖြည်းချင်း သဘောပေါက်သိမြင်လာခဲ့ကြသည်။ သို့နှင့်၊ ဖယောင်းတိုင်များ၊ ရေနံဆီမီးခွက်များ အသုံးပြုလာခဲ့ရာ၊ ၁၈ ရာစုနှစ်သို့ ရောက်သော အခါတွင် အလင်းထွက်ပစ္စည်း တီထွင်ခြင်းနှင့်ပတ်သက်၍ တဟုန်ထိုး တိုး တက်ပြောင်းလဲမှုကို ရရှိနိုင်ခဲ့သည်။

ယင်းတိုးတက်မှုမှာ ၁၈ ရာစုနှစ်တွင် လူသားတို့သည် လျှပ်စစ်မီး ထုတ်လုပ်အသုံးပြုခြင်းကို တီထွင်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။ ထိုအချိန်မှစ၍ လျှပ်စစ်ဓါတ်ကို မီးထွန်းညှိရန်အတွက်သာ မကဘဲ ကုန်ထုတ်လုပ်ရေးစက်ရုံများ မောင်းနှင်လည်ပတ်စေခြင်း၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို လျှပ်စစ်ဓါတ် အသုံးပြု၍ သုံးစွဲခြင်း စသည်တို့ကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်လာနိုင်ခဲ့သည်။ ယင်းကဲ့သို့ တိုးတက်လာခြင်းအပေါ်တွင် အခြေခံမူကြီး လေးချက်ကို စံထားလျက် လုပ်ငန်းစနစ်တစ်ခုကို လေ့လာသုံးသပ်သည့်နည်းဖြင့် အောက်ပါအတိုင်း ပုံစံချကာ လေ့လာနိုင်ပေသည်။

ဗုဒ္ဓ၏ တရားဦး



(၁) ပြဿနာကို ထုတ်ဖော်သတ်မှတ်ခြင်း၊ ပိုင်းခြားသိမြင်ခြင်း။ ၁၈ ရာစုနှစ်တွင် လူသားတို့၏ ယဉ်ကျေးမှုသည် အဆင့်တစ်ဆင့်သို့ ရောက်ရှိလာပြီဖြစ်ရာ၊ ညဘက်၌ ဖရောင်းတိုင်များ၊ ဆီဖြင့်ထွန်းသော မီးအိမ်များ ထွန်းညှိနေထိုင်ခြင်းကို ကျေနပ်ဖွယ်ရာမရှိဟု လူသားတို့က ယူဆလာကြသည်။ ယင်းနည်းလမ်းထက် ကောင်းသော အလင်းပေးစနစ်တစ်ခုကို ရှာဖွေရန် လိုအပ်လာပြီဟု သဘော ပေါက်လာကြလေပြီ။

(၂) ပြဿနာ၏ အရင်းအမြစ်ကို ရှာဖွေသိရှိခြင်း။ အလင်းပေးမှုစနစ် ကျေနပ်ဖွယ်မရှိခြင်း၊ ခေတ်နောက်ကျနေခြင်းများ၏ အကြောင်းတရားမှာ ယင်းစနစ်ထက် ပိုမိုအဆင့်မြင့် ကောင်းမွန်သော အလင်းပေးစနစ်ကို တီထွင်အသုံးပြုရန် နည်းပညာ (technical know-how) ကို ရှာဖွေမတွေ့ရှိသေးခြင်း၊ မရရှိထားခြင်းကြောင့်ပင် ဖြစ်သည်။ ၁၈ ရာစုနှစ်တွင် လူသားတို့က လျှပ်စစ်မီးကို ရှာဖွေတွေ့ရှိသောအခါ ဖရောင်းတိုင်မီးအိမ်တို့ကို ထွန်းညှိရသော စနစ်၏ ကျေနပ်ဖွယ်ရာ မရှိခြင်း အကြောင်းတရားကို သိမြင် သွားလေပြီ။

လျှပ်စစ်မီးဖြင့် အလင်းပေးခြင်းသည် ပိုမိုအဆင့်မြင့် ကောင်းမွန် သော အလင်းပေးစနစ်ဖြစ်ကြောင်း သိမြင်သွားလေပြီ။

(၃) ပြဿနာ၏အပြေကို သိမြင်ခြင်း။ ယင်းပြဿနာကို ဖြေရှင်းနိုင်သော နည်းမှာ ခေတ်နောက်ကျနေသော ဖရောင်းတိုင်မီး ထွန်းညှိရသည့်စနစ်ကို ခေတ်မီသော လျှပ်စစ်မီးဖြင့် အလင်းပေးသည့်စနစ်နှင့် အစားထိုးရန်ဖြစ်ကြောင်း သဘော ပေါက် သိမြင်သွားလေပြီ။

(၄) ပြဿနာ၏ အပြေကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ ဤကိစ္စကို လျှပ်စစ်ဓါတ်အားထုတ်လုပ်ရန်နှင့် အသုံးပြုရန် နည်းပညာ နှင့် လိုအပ်သော စက်ပစ္စည်းများ တီထွင်ထုတ်လုပ် လက်တွေ့အသုံးချခြင်း အားဖြင့် ပြီးမြောက်စေနိုင်ပေသည်။

အမှန်စင်စစ်အားဖြင့် အထက်ဖော်ပြပါ မူကြီး (၄) ချက်ကို တစ်ဆင့်ပြီး တစ်ဆင့် ပိုမိုကျွမ်းကျင်နိုင်နင်းလာသည်နှင့်အမျှ လျှပ်စစ်ဓါတ်အားနှင့် အခြား စွမ်းအင်အမျိုးမျိုးကို ထုတ်လုပ်ခြင်းနှင့် လူမှုကိစ္စအဝဝအတွက် အသုံးပြုခြင်း များသည်လည်း တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာခဲ့လေသည်။

ယင်းအခြေခံမူကြီး (၄)ချက်နှင့် ပတ်သက်၍ မှတ်သားဖွယ်ရာ အချက် တစ်ချက်မှာ မိမိရောက်ရှိနေသော အခြေအနေမျှနှင့် နှစ်သိမ့်ကျေနပ် အားရမနေဘဲ၊ တစ်ဆင့်ပြီးတစ်ဆင့် မြင့်ရာသို့ တက်လှမ်းသွားနိုင်ရန်အတွက် ရှေးရှုဆောင်ရွက်နေရခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိတို့၏ လက်ရှိအခြေအနေ၊ လက်ရှိအဆင့်၏ အားနည်းချက်များကို ရှုပြီး ပို၍ကောင်း မွန်သော အခြေအနေသစ်၊ အဆင့်သစ်သို့ ရောက်ရှိရန်အတွက် နည်းလမ်း ရှာဖွေဆောင်ရွက်နေရခြင်းသည် မူကြီး (၄)ချက်၏ ထူးခြားချက်တစ်ချက်ပင် ဖြစ်သည်။ သို့ဖြစ်သောကြောင့် အခြေခံမူကြီး (၄)ချက်ကို အကောင်အထည် ဖော် ကျင့်သုံးသူသည် လေ့ကားတစ်ခု၏ အဆင့်တစ်ဆင့်အပေါ်တွင် ရောက် ရှိနေသူအဖြစ် မိမိကိုယ်မိမိ တွေ့ရမည်ဖြစ်သည်။ ယင်းအဆင့်မှ မိမိဆန္ဒရှိ

သလောက် မြင့်မားသောအဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် သစ္စာလေးပါး၏ အခြေခံမူကြီးများသည် မိမိ၏ အလိုအလျောက် ဆန္ဒအတိုင်း ဆောင်ရွက်နိုင်ခွင့်ကို အပြည့်အဝ ပေးထားကြောင်း ထင်ရှားပေသည်။ မည်သူ့ကိုမျှ ဆန္ဒမပါဘဲ အတင်းအကြပ် ဆောင်ရွက်စေရမည့်အချက် တစ်စုံတစ်ရာမပါရှိချေ။ လူတိုင်းတွင် လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိပေသည်။

ပြဿနာဖြေရှင်းခြင်း အဆင့်ဆင့် ကျင့်သုံးအကောင်အထည်ဖော်ပုံ၊ ဖော်နည်းများကို အားလုံးခြုံငုံ၍ ရှင်းရှင်းလင်းလင်း မြင်နိုင်စေရန်အလို့ငှာ သစ်ပင်ပုံစံဖြင့် ရှင်းလင်းဖော်ပြလိုပါသည်။ အောက်ပါပုံကို ကြည့်ပါ။

ပြဿနာဖြေရှင်းနည်းလမ်းစဉ်အဆင့်ဆင့်ကို ခြုံငုံ၍ ဖော်ပြသည့်သရုပ်ပြသစ်ပင်ပုံ



လူသားတို့ ကြိုးပမ်းဆောင်ရွက်သမျှ နယ်ပယ်အသီးသီးတွင် ပြဿနာဖြေရှင်းနည်း လေ့ကားတစ်ခုစီရှိနေသည်။ လူသားတို့၏ ကြိုးပမ်းဆောင်ရွက်မှုများဆိုသည်မှာ မရေမတွက်နိုင်အောင် များပြားလှသည်ဖြစ်သောကြောင့်၊ ယင်းနယ်ပယ်အသီးသီးရှိ ပြဿနာဖြေရှင်းနည်းလေ့ကားများမှာလည်း မရေတွက်နိုင်အောင် များပြားလှပေသည်။ ယင်းကဲ့သို့ မရေတွက်နိုင်လောက်အောင် များပြားလှသည့်ပြဿနာဖြေရှင်းနည်း လေ့ကားများ၏အထက်ဝယ် အမြင့်ဆုံးသောနေရာ အထွဋ်အထိပ်၌ သစ္စာလေးပါး လေ့ကားရှိနေပါသည်။

အကြောင်းမူကား သစ္စာလေးပါး၏ အနှစ်သာရဖြစ်သော အခြေခံမူကြီး (၄) ချက်သည် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်တစ်ခုခုနှင့် သိလျက် ပြုမူသည့် အပြုအမူ၊ လှုပ်ရှားဆောင်ရွက်ချက်ဟူသမျှ၌ အကျုံးဝင်လျက် ပါဝင်ပတ်သက်လျက် ရှိသောကြောင့်ပေတည်း။ သို့ဖြစ်သောကြောင့်၊ သစ္စာလေးပါးတရားတော်သည် ပြဿနာဖြေရှင်းနည်းပညာ၏ အဆင့်အမြင့်ဆုံး၊ ပညာအပါဆုံး၊ အနက်နဲဆုံးနှင့် အမြတ်ဆုံးသော တရားလေးပါးပင် ဖြစ်သည်။ မကိုင်ရှသရဖူဆောင်းသော အမြုတေရတနာပင် ဖြစ်သည်။ ကျွန်ုပ်တို့၏ လှုပ်ရှား ဆောင်ရွက်ချက်ဟူသမျှသည် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်အောင် ကြိုးပမ်းသွားမည်ဆိုပါလျှင် နောက်ဆုံး၌ သစ္စာလေးပါးတရားတော်ဖြင့် အဆုံးသတ်လျက် သရဖူဆောင်းကာ အထွတ်အထိပ်သို့ ရောက်သွားရမည်သာ ဖြစ်ကြောင်း မီးမောင်းထိုး၍ တင်ပြလိုပါသည်။

ပုံတွင် ပြထားသည့်အတိုင်း၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ လူမှုရေး၊ စသည့် နယ်ပယ်များရှိ ပြဿနာဖြေရှင်းခြင်း လုပ်ငန်းစဉ်ဆိုင်ရာ မရေမတွက်နိုင်အောင် များပြားသော လေ့ကားများသည် ပင်စည်၏ဘေးဘက်သို့ ကွေ့ဝိုက်ကာ ဖြာထွက်သွားကြသည်ကို တွေ့ရပေမည်။ ယင်းလေ့ကားများသည် မဂ္ဂင်ရှစ်ပါးတည်းဟူသော ပင်စည်နှင့် အခြေခံမူကြီး (၄)ချက်တည်းဟူသော တူညီချက် (common denominator) မှ တစ်ဆင့် ဆက်သွယ်လျက် ရှိပေသည်။

သို့ရာတွင်၊ ဤနေရာ၌ အလွန်အရေးကြီးသော အချက်တစ်ခုကို အလေးအနက် ဖော်ပြရပေမည်။ သစ်ပင်၏ အခေါင်အဖျားပိုင်း၌ တည်ရှိ၍ အထွတ်အထိပ်ဖြစ်သော သစ္စာလေးပါး သိမြင်ရန်ကိစ္စမှာ ယင်းသို့ ဖြာထွက်သွားသော အကိုင်းအခက်များ (သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ လူမှုရေးစသည့် နယ်ပယ်များရှိ ပြဿနာဖြေရှင်းခြင်းဆိုင်ရာ မရေတွက်နိုင်သော လေ့ကာများ)ကို လိုက်ခြင်းအားဖြင့် မရရှိနိုင်ပေ။ အကြောင်းမူကား ယင်းအကိုင်းအခက်များသည် သစ်ပင်၏ အခေါင်အဖျားအထွတ်အထိပ်ဘက်သို့ ဦးတည်ခြင်းမရှိဘဲ အထွတ်အထိပ်တည်ရှိရာနှင့် ဝေးကွာရာဆီသို့ ထွက်ခွာသွားကြသောကြောင့် ဖြစ်ပေသည်။ ပုံတွင် ပြထားသည့်အတိုင်း၊ ယင်းအကိုင်းအခက်များသည် အထွတ်အထိပ်နှင့် ဝေးကွာရာဆီသို့ မျဉ်းကွေး တစ်ခု၏ ပုံသဏ္ဌာန်အတိုင်း ချော်ထွက်သွားသော ကြောင့်ပင်ဖြစ်သည်။ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် သစ္စာလေးပါးတည်း ဟူသော အထွတ်အထိပ်သို့ ရောက်ရှိလိုသည်ဆိုပါက၊ မဂ္ဂင်ရှစ်ပါး လမ်းစဉ် တည်းဟူသော ပင်စည်တစ်လျှောက် တည့်တည့်မတ်မတ် တက်သွားခြင်းဖြင့် သာလျှင် အထွတ်အထိပ်သို့ ရောက်နိုင်မည်ဖြစ်ကြောင်း ပုံတွင် ရှင်းလင်းစွာ ပြသထားပေသည်။

အမြင့်ဆုံးနှင့် အရေးအကြီးဆုံးသောပြဿနာကို ကိုင်တွယ်ဖြေရှင်းခြင်း

ပြဿနာဖြေရှင်းနည်းလမ်းစဉ် အဆင့်ဆင့် ပါဝင်သည့် သစ်ပင်၏ အထွတ်အထိပ်၌ရှိသော သစ္စာလေးပါးတည်းဟူသော အမြင့်ဆုံးနှင့် အရေးကြီးဆုံးသော ပြဿနာကို မည်သို့ ကိုင်တွယ်ဖြေရှင်းပါမည်နည်း။

ဤပဓာနကျသော ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဆန်းစစ်လေ့လာကြည့်ကြပါစို့။

ဤနေရာတွင် သစ္စာလေးပါး တရားတော်၏ အခြေခံအချက်များကို အိပ်မက်ဥပမာဖြင့် ရှင်းလင်းဖော်ပြလိုပါသည်။

အိပ်မက်ဥပမာ



လုလင်ဖျိုတစ်ယောက်သည် အိပ်မက်ရှည်ကြီးတစ်ခု မက်နေသည်ဆိုကြပါစို့။ အိပ်မက်ထဲ၌ လုလင်ဖျိုသည် ချောမောလှပသော မိန်းမဖျိုလေးတစ်ယောက်နှင့် တွေ့ဆုံပြီး၊ သူတို့နှစ်ဦး ချစ်ကြိုက်သွားကြလေသည်။ ချစ်သူနှစ်ဦးသည် ပျော်ရွှင်ကြည်နူးစွာဖြင့် အချိန်များကို ကုန်လွန်စေလေသည်။

ထိုအခိုက်တွင် ကြီးမားသော ကျားကြီးတစ်ကောင် သစ်တောအတွင်းမှ ဝုန်းခနဲ ခုန်ထွက်လာပြီး လုလင်ပျိုနှင့် မိန်းမပျိုတို့အား တရကြမ်းလိုက်၍ တိုက်ခိုက်လေတော့သည်။ ချစ်သူနှစ်ဦးတို့သည် အသက်ဘေးမှ လွတ်မြောက်ရန် သေပြေးရှင်ပြေး ပြေးကြရလေတော့သည်။

ထိုအခိုက်တွင် လုလင်ပျိုသည် အိပ်မက်မှ လန့်နိုးသွားသည် ဆိုပါစို့။ မိမိအား များစွာစိတ်လှုပ်ရှားစေခဲ့သော အချစ်ဇာတ်လမ်းမှာ အိပ်မက်မျှသာ ဖြစ်ကြောင်း သူသိသွားလေပြီ။ သို့ဖြစ်၍၊ လုလင်ပျိုသည် အိပ်မက်ထဲက အချစ်ဇာတ်လမ်းကို အလေးအနက်ထားတော့မည် မဟုတ်ချေ။ ယင်း အချစ်ဇာတ်လမ်းနှင့် ပတ်သက်၍ စွဲလန်းခြင်း၊ စိတ်လှုပ်ရှားမှု၊ ရင်ခုန်မှုများလည်း ဖြစ်ရန် အကြောင်းမရှိတော့ချေ။ အိပ်မက်နှင့်ပတ်သက်၍ လုလင်ပျို၏ တုန့်ပြန်ချက်မှာ အိပ်မက်ဆိုတာ တကယ့်အဖြစ်အပျက်မှ မဟုတ်ဘဲ၊ မရေမရာ အလကားဟာမျိုးပါပဲ ဟု တွေးကာ စိတ်ပျက်ခြင်းသာလျှင် ဖြစ်မိပေလိမ့်မည်။

အိပ်မက်မှ လန့်နိုးလာသော လုလင်ပျိုက ငါအိပ်မက်မက်နေခဲ့တာ ပါကလားဟု သိမြင်ခြင်းနှင့် အိပ်မက်အပေါ်တွင် စိတ်ပျက်မိခြင်းတို့သည် ဒုက္ခသစ္စာကို သိမြင်ခြင်းနှင့် တူပေသည်။

ဤဥပမာ၌ လုလင်ပျိုသည် အိပ်မက်မှ လန့်နိုးလာပြီး လွတ်မြောက်သွားခြင်းသည် တကယ့်ကိုယ်တွေ့အဖြစ်အပျက် အရှိတရားပင် ဖြစ်သည်။ အိပ်မက်ထဲမှ အချစ်ဇာတ်လမ်းသည် တကယ့်အဖြစ်အပျက်မဟုတ်။ အိပ်မက်မက်စဉ် တကယ်ထင်မှတ်အောင် လှည့်စားထားသော အရိပ်မျှသာ ဖြစ်သည်။ ထိုနည်းတူပင်၊ နိဗ္ဗာန်သည် ထာဝစဉ်တည်ရှိနေသော တကယ့်အရှိတရား (အဖြစ်တရားမဟုတ်၊ ရှိခြင်းနှင့် ဖြစ်ခြင်းအကြားတွင် ကြီးစွာသော ခြားနားခြင်း ရှိသည်။) နေ့စဉ်(အာရုံသိအားဖြင့်) ကြုံတွေ့ခံစားနေရသော လောကကြီး သည် အရိပ်မျှသာ ဖြစ်ပေသည်။ အိပ်မက်နှင့် လွန်စွာတူသောကြောင့် အိပ်မက်လောကဟုလည်း ခေါ်နိုင်ပါသည်။

ဒုက္ခသစ္စာ (ပြဿနာကိုသိမြင်ခြင်းနှင့် ဖော်ထုတ်သတ်မှတ်ခြင်း)

လောကတွင် အမြင့်ဆုံးသော ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းမည်ဆိုပါက၊ ကျွန်ုပ်တို့သည် မိမိတို့၏ ရုပ်နှင့်နာမ်ကို ထိုးထွင်းသိမြင်နိုင်အောင် စူးစမ်းလေ့လာခြင်းကို သေချာကျနစွာ ပြုလုပ်ရပေမည်။ မိမိ၏ဘဝနှင့် နေ့စဉ်ထိတွေ့နေရသော သင်္ခါရလောကကြီးကိုလည်း စူးစမ်းလေ့လာခြင်းကို သေချာကျနစွာ ပြုလုပ်ရပေမည်။ ကျွန်ုပ်တို့၏ဘဝ၌ မွေးဖွားခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ချစ်ခင်နှစ်သက်သူနှင့် ကွေကွင်းခြင်း၊ မချစ်မနှစ်သက်သူနှင့် အတူတကွ ပေါင်းဖော်နေထိုင်ရခြင်း စသည့် အနိဋ္ဌာရုံများသည် ရောဂါ၏ လက္ခဏာများနှင့် တူပေသည်။ ရောဂါလက္ခဏာများကို တွေ့မြင်ရသည့်အခါတွင် ရောဂါတစ်ခုခု ဖြစ်ပွားနေကြောင်း သိနိုင်သကဲ့သို့ပင်၊ အိုဘေး၊ နာဘေး၊ သေဘေး စသည့် ဘေးဒုက္ခအနိဋ္ဌာရုံများကလည်း ကျွန်ုပ်တို့၏ ဘဝ၊ ရုပ်နာမ်ဓမ္မ ခန္ဓာငါးပါးတို့ဖြင့် ဖွဲ့စည်းထားသော ကျွန်ုပ်တို့၏ ခန္ဓာကိုယ် (ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ)သည် တစ်စုံတစ်ခု အကြီးအကျယ် မှားယွင်းနေကြောင်း ထင်ရှားပေသည်။ ရောဂါဆိုးကြီးတစ်ခု ဖြစ်ပွားလျက်ရှိကြောင်းလည်း ထင်ရှားပေသည်။ အဖတ်ဆယ်၍ မရလောက်အောင် ပြစ်ချက်များ၊ ချို့ယွင်းချက်များ ရှိနေကြောင်းလည်း ထင်ရှားပေသည်။ ကျွန်ုပ်တို့၏ ဘဝသည် တပ်မက်ဖက်တွယ်ထားဖွယ်ရာ မရှိကြောင်း၊ လုံးဝကျေနပ်ဖွယ်ရာ မရှိကြောင်းလည်း ထင်ရှားပေသည်။ ဤကဲ့သို့ စိန္တာမယဉာဏ် (ကြံစည်တွေးတောခြင်းအားဖြင့် သိရှိသောဉာဏ်)အားဖြင့် သိရှိခြင်းသည် သစ္စာလေးပါးကို သိရှိနိုင်ရန် ကြိုးပမ်းအားထုတ်မှုတွင် ပထမခြေလှမ်း ဖြစ်ပေသည်။ ဤဉာဏ်ကို ရရှိရန်မှာ တရားသဘောကို နည်းနာကျကျ လေးနက်စွာ ဆင်ခြင်သုံးသပ်ခြင်း၊ နည်းမှန်လမ်းမှန် စဉ်းစားတွေးခေါ်ခြင်း(deep reflection and logical reasoning) အားဖြင့် ရရှိနိုင်ပေသည်။

နောက်တစ်ဆင့် တက်လှမ်းမည်ဆိုပါက၊ ရူပ်နာမ်ဓမ္မတို့၏ အမှန်တကယ် အစစ်အမှန်သဘာဝ၊ တစ်နည်းအားဖြင့် မမြဲခြင်း(အနိစ္စ)၊ ကျေနပ်ဖွယ်ရာ မရှိခြင်းနှင့် ဆင်းရဲဒုက္ခအတိသာဖြစ်ခြင်း (ဒုက္ခ)နှင့် ငါဟူ၍ မရှိခြင်း၊ အနှစ်သာရ မရှိခြင်း (အနတ္တ)၊ လက္ခဏာရေးသုံးပါးတို့ကို မိမိကိုယ်တိုင် ထိုးထွင်းသိမြင်နိုင်စေရန် သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံရမည် ဖြစ်ပေသည်။ သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံအားထုတ်ခြင်းသည်ကား အခြားမဟုတ်။ မိမိခန္ဓာကိုယ်အတွင်း၌ အမြဲတရစပ် ဖြစ်ပေါ်ပြောင်းလဲနေသော ရူပ်နာမ်ဓမ္မအဖြစ်အပျက်များကို အတွင်းဘက်သို့လှည့်သော နည်းအားဖြင့် စောင့်ကြည့်လေ့လာခြင်း၊ တစ်နည်းအားဖြင့် လက်တွေ့သုတေသနပြုလုပ်ခြင်းသာလျှင် ဖြစ်ပေသည်။

ဤသို့ ဝိပဿနာရှုခြင်းအားဖြင့် အံ့သြဖွယ်ရာ ဉာဏ်အမြင်များ ပေါ်ပေါက်လာမည် ဖြစ်သည်။ ဝိပဿနာ အားမထုတ်မီက ထင်မြင်ယူဆခဲ့သည့်အတိုင်း ဤလောကကြီးသည် တကယ်တည်ရှိနေခြင်းမဟုတ်။ အမှန်စင်စစ်အားဖြင့် ဤလောကကြီးသည် ထုနှင့်ထည်နှင့် အခိုင်အမာတည်ရှိနေခြင်း မဟုတ်ကြောင်း၊ အာရုံများ၏ လှည့်စားမှုကြောင့် တကယ်ရှိသယောင် ထင်မှတ်ရသော် လည်း၊ တကယ်ရှိနေခြင်းမဟုတ်ကြောင်းတို့ကို လက်တွေ့စူးစမ်းလေ့လာမှုအရ သိမြင်လာရလေတော့သည်။ ယင်းဉာဏ်အမြင်အရ၊ 'ငါ'၊ 'သင်'၊ 'သူ'၊ 'ကိုဖြူ'၊ 'မနီ'၊ 'မုဒိတာမြို့'၊ 'မေတ္တာနိုင်ငံ' စသည်တို့မှာလည်း တကယ်ရှိသည် မဟုတ်ချေ။ ယင်းအရာအားလုံးသည် ရူပ်နာမ်ဓမ္မတို့ ဖြစ်လိုက်၊ ပျက်လိုက် ဖြစ်ပေါ်နေသော ဖြစ်စဉ်ကြီးများမျှသာ ဖြစ်ပေသည်။ သို့ရာတွင်၊ သံသရာ တစ်လျှောက်လုံး ကျင့်သားရလာခဲ့သော ကျွန်ုပ်တို့၏ အာရုံသိမှု စက်ယန္တရား ၏ လည်ပတ်အလုပ်လုပ်ပုံ နည်းစနစ် (built-in process of sensory perception) သည်လည်းကောင်း၊ အတိတ်ပစ္စုပ္ပန်၊ အနာဂတ်နှင့် မိမိကြုံတွေ့ဖူးသော အတွေ့အကြုံ၊ အသိဉာဏ်၊ အတွေး အခေါ်များ အမြဲဆက်စပ်ယူတတ်သော မွေးရာပါ အလေ့အကျင့် (association of ideas)သည် လည်းကောင်း၊ တရိပ်ရိပ်

ပြေးနေသော ရုပ်နာမ်ဓမ္မများကို ထုနှင့်ထည်နှင့် အခိုင်အမာတည်ရှိနေသယောင်၊ ဆက်စပ်တည်တန့်နေသယောင်၊ အဟုတ်တကယ်ရှိနေသယောင် ထင်မှတ်ရလေအောင် လှည့်စားထားခြင်းသာ ဖြစ်သည်။

အမှန်စင်စစ်အားဖြင့် ရုပ်နာမ်ဓမ္မတို့သည် တစ်ချက်ကလေးမျှ ရပ်နားသည် မရှိဘဲ၊ တစ်ချိန်လုံး တရိပ်ရိပ် ပြေးလွှားပြောင်းလဲလျက်ရှိပေသည်။ ရုပ်နာမ်ဓမ္မတို့၏ မတည်မြဲခြင်း၊ အနိစ္စသဘောဆိုတာ ဒီလိုပါလားဟု ကိုယ်တွေ့သိမြင်လာလေတော့သည်။ ထိုအခါတွင် မိမိ၏ဘဝသည် လည်းကောင်း၊ သခ်ၸာရလောကကြီး တစ်ခုလုံးသည် လည်းကောင်း၊ အဟုတ်တကယ်ရှိသည်လည်း မဟုတ်၊ တည်မြဲခြင်းလည်း မရှိသောကြောင့်၊ ကျေနပ်ဖွယ်၊ လိုချင်တောင့်တဖွယ်၊ တွယ်ဖက်သိမ်းပိုက်ထားစရာ မဟုတ်ကြောင်း၊ တို့ကို ထိုးထွင်းသိမြင်သွားလေတော့သည်။ ဤကား ဒုက္ခသစ္စာနှင့် ဒုက္ခသစ္စာကို ပိုင်းခြား သိမြင်ပုံပေတည်း။

ဒုက္ခသစ္စာ၏ အကြောင်းဖြစ်သော သမุဒယသစ္စာ (ပြဿနာ၏ အရင်းအမြစ်ကို ရှာဖွေတွေ့ရှိခြင်း)

ဝိပဿနာရှုသည့် အလေ့အကျင့် ရရှိလာသောအခါတွင် လိုချင်တောင့်တမှု ဟူသမျှသည် လိုချင်သောအရာ ရရှိအောင် ကြိုးပမ်းအားထုတ်ရခြင်းဒုက္ခ၊ ၄င်းတို့နှင့် ဆက်နွယ်နေသော ဒုက္ခအပေါင်းတို့၏ စက်ဝန်းအတွင်းမှ မလွတ်မြောက်အောင် ချည်နှောင်ထားသကဲ့သို့ ရှိနေကြောင်း သဘောပေါက်လာလေတော့သည်။ ယင်းသို့ တပ်မက်မှုတဏှာကို (၃) မျိုးခွဲခြားထားနိုင်ပါသည်။

- ကာမဂုဏ်အာရုံများနှင့် ပျော်ရွှင်မှုများကို တပ်မက်မှုတဏှာ
- မိမိ၏ဘဝ ဆက်လက်တည်တံ့ရှင်သန်နေရေးအတွက် လိုလားတောင့်တသည့် တပ်မက်မှုတဏှာနှင့်
- ဘဝပြတ်ခြင်းကို တပ်မက်သည့်တဏှာ

ဟူ၍ ခွဲခြားနိုင်ပါသည်။

တရိပ်ရိပ်ပြောင်းလဲကုန်ဆုံးသွား သော ရုပ်နာမ်ဓမ္မတို့သည် အကောင်အထည်ဟူ၍ အခိုင်အမာ မရှိ၊ အကြောင်း တိုက်ဆိုင်သည့်အခိုက်တွင်သာ ဖြစ်ပေါ်လာပြီး အဟုတ်တကယ် ခိုင်မြဲစွာ တည်ရှိနေခြင်း မဟုတ်ကြောင်းကို ယောဂီသည် သဘောပေါက်နားလည်လာ လေသည်။ ထို့ကြောင့် မိမိ၏ ဘဝသည်လည်းကောင်း၊ သခ်ါရလောကကြီး တစ်ခုလုံးသည်လည်းကောင်း၊ လိုချင်တောင့်တဖွယ်ရာ မရှိကြောင်း၊ ဖက်တွယ် သိမ်းပိုက်ထားစရာလည်း မဟုတ်ကြောင်း လက်တွေ့သဘောအားဖြင့် သိရှိလာ လေတော့သည်။

ထို့ပြင်၊ အထက်ဖော်ပြပါ တဏှာ (၃) မျိုး ဖြစ်ပေါ်စေရန် တပ်မက်လောက်သော အရာဝတ္ထုများ တကယ်တမ်းတွင် မရှိကြောင်း သိရှိသွားလေတော့သည်။ သို့ဖြစ်သောကြောင့်၊ အဆိုပါတောင့်တမှုတဏှာများကို ပယ်သင့်ကြောင်း ယောဂီက သဘောပေါက်နားလည်ကာ ထိုးထွင်းသိသွားလေတော့သည်။ ဤသို့ဖြင့် ယောဂီသည် ဒုက္ခ၏အကြောင်း သမုဒယသစ္စာကို ပယ်အပ်ကြောင်း ဉာဏ်အလင်းရရှိသွားလေသည်။ ယင်းဉာဏ်သည် သမုဒယသစ္စာနှင့် ပတ်သက်၍ မည်သို့ဆောင်ရွက်သင့်ကြောင်းသဘောတရားကို သိသောဉာဏ်၊ တစ်နည်း အားဖြင့် ကိစ္စဉာဏ်ပင် ဖြစ်ပေတော့သည်။

ဤဖြစ်ရပ်ကို အိပ်မက်မက်ခဲ့သော လုလင်ပျို၏ ဖြစ်ရပ်နှင့် နှိုင်းယှဉ်သင့်ပေသည်။ အိပ်မက်ထဲက ဇာတ်လမ်းသည် တကယ့်ဖြစ်ရပ်အမှန်မဟုတ်ကြောင်း၊ အိပ်မက်မျှသာ ဖြစ်ကြောင်း ထိုးထွင်းသိမြင်သွားသော လုလင်ပျိုသည် အိပ်မက်ထဲက ဇာတ်လမ်းကို လိုလားတောင့်တခြင်း ရှိတော့မည် မဟုတ်ချေ။

လုလင်ပျို၏ တုန့်ပြန်ချက်မှာ အိပ်မက်နှင့်ပတ်သက်၍ စိတ်ပျက်စိတ်ကုန်ခြင်း သာလျှင် ဖြစ်ပေလိမ့်မည်။

သို့ရာတွင်၊ လုလင်ပျိုသည် အိပ်မက်ထဲက ဇာတ်လမ်းကို သဘောကျသာယာ၍ ကိုယ်တိုင်မျှောပါနေသမျှ ကာလပတ်လုံး သူသည် အိပ်မက်ထဲက ရွှန်းမထွက်နိုင်အောင် ထောင်ချောက်မိနေသူတစ်ဦးပမာ အိပ်မက်ရေစီးကြောင်းတွင် မျှောပါနေလိမ့်မည်သာ ဖြစ်ပေသည်။ ထို့အတူပင် အကြင်ပုဂ္ဂိုလ်တစ်ဦးသည် တဏှာ(၃)မျိုးအနက် အနည်းဆုံး တစ်မျိုးမျိုးရှိနေသမျှ ကာလပတ်လုံး ထိုသူသည် သံသရာထောင်ချောက်ထဲတွင် မိနေမည် ဖြစ်ပြီး၊ သံသရာရေစီးတွင် မျှောပါနေလိမ့်မည်သာ ဖြစ်ပေသည်။

ဆင်းရဲချုပ်ကြောင်း သစ္စာတရား (ပြဿနာ၏အပြေကို သိမြင်ခြင်း)

ဝိပဿနာ ရူပါများလာသောအခါတွင် ကာမဂုဏ်အာရုံ တပ်မက်မှုများကို ပယ်လိုက်ခြင်းအားဖြင့် စိတ်ငြိမ်းချမ်းခြင်း၊ စိတ္တသုခကို ရရှိနိုင်ကြောင်း၊ အမှန်စင်စစ် ယင်းကဲ့သို့ရရှိသော စိတ်ငြိမ်းချမ်းမှုသည် ကာမဂုဏ်အာရုံများနှင့် ပျော်ပါးနေခြင်းထက် ပိုမိုအဆင့်အတန်းမြင့်၍ သိမ်မွေ့ကြောင်း သဘောပေါက် သိမြင်လာလေသည်။ လူသာမန်တို့အဖို့မှာမူ အရာဝတ္ထုတစ်ခုခုကို လိုချင်တောင့်တပြီး ယင်းအရာဝတ္ထုကို ရရှိအောင် ဆောင်ရွက်ခြင်းအားဖြင့် ခံစားရသည့် ကျေနပ်နှစ်သိမ့်မှုမျိုးကိုသာ နားလည်ကြပြီး၊ ဘာကိုမျှ လိုချင်တောင့်တခြင်းမရှိသော အဖြစ်၊ တစ်နည်းအားဖြင့် တဏှာကင်းခြင်း၏ သိမ်မွေ့သော ငြိမ်းအေးခြင်းသုခ (သန္တိသုခ) ကို နားလည်ဖို့ရာ လွယ်ကူမည်မဟုတ်ချေ။ ယင်းကဲ့သို့သော သန္တိသုခကို အပြည့်အဝ နားလည်သဘောပေါက်ရန်မှာ တရားရှိပြီးသော အရိယာပုဂ္ဂိုလ်များသာလျှင် တတ်နိုင်ပေလိမ့်မည်။ အနည်းဆုံး တစ်မဂ်တစ်ဖိုလ်ဆိုက်သော

အရိယာပုဂ္ဂိုလ်သည် ကြမ်းတမ်းသော ကာမ ဂုဏ် အာရုံများကို ခံစားလိုစိတ် ကင်းဝေးသွားပြီး စိတ်ငြိမ်းချမ်းရေးကို ပိုမိုနှစ်သက် တန်ဖိုးထားတတ်လာကြ လေသည်။ ဤနေရာ၌ မည်သည့်အရာကိုမျှ လိုလားတောင့်တခြင်းမရှိဘဲ တဏှာကို စွန့်လွှတ်နိုင်ခြင်းသည် နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းပင် ဖြစ်ကြောင်း အလေးအနက်ဖော်ပြလိုပါသည်။

ယင်းကဲ့သို့ တပ်မက်မှုတဏှာကို စွန့်ပယ်နိုင်ခြင်းသည် အထက်ပါ ဥပမာထဲတွင် အိပ်မက်မက်ရာမှ လန့်နိုးလာသော လုလင်ပျို၏ စိတ်ဖြစ်စဉ်နှင့် တူသည်။ အိပ်မက်မက်နေစဉ်ကမူ၊ လုလင်ပျိုသည် သူ၏ ချစ်သူရည်းစားနှင့် ပျော်ရွှင်ကြည်နူးခြင်း ခံစားခဲ့ရ၏။ ကျားကြီး၏ အလိုက်ခံရသောအခါ သေလု အောင် ကြောက်ရွံ့ထိတ်လန့်ခြင်းကို ခံစားခဲ့ရပြန်သည်။ သို့သော်၊ အိပ်မက်မှ နိုးလာသည်နှင့်တပြိုင်နက် သူသည် စိတ်သက်သာရာရသွားပြီး စိတ်၏ ငြိမ်းချမ်းမှုကို ခံစားရပေသည်။ လုလင်ပျိုသည် မရေရာသော အိမ်မက်ကို စိတ်ဝင်စားခြင်း၊ စွဲလန်းခြင်း ရှိတော့မည် မဟုတ်ချေ။ ပြောင်းဆန်နေခဲ့သော အိပ်မက်မှ လွတ်မြောက်သွားခြင်းအတွက် ဝမ်းမြောက်ခြင်းပင် ဖြစ်မိပေလိမ့်မည်။ ဤကဲ့သို့ လုလင်ပျို၏စိတ် ပြောင်းလဲသွားခြင်းသည် ဒုက္ခချုပ်ငြိမ်းမှု နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ နိရောဓသစ္စာ၏ သိမ်မွေ့သော သန္တိ သုခကို ခံစားရခြင်းနှင့် တူပါသည်။ ဤသို့လျှင် ဝိပဿနာယောဂီသည် ဒုက္ခနှင့် တဏှာချုပ်ငြိမ်းခြင်းဖြစ်သော နိရောဓသစ္စာနှင့် ပတ်သက်၍ ဆောင်ရွက်ရန် ကိစ္စကို ထိုးထွင်းသိမြင်သွားသောဉာဏ်၊ တနည်းအားဖြင့် အိပ်မက် နှင့်တူသော လောကကြီးအပေါ် တပ်မက်စွဲလန်းမှုတဏှာကို ပယ်သင့်ပါသလားဟု ထိုးထွင်း သိမြင်သွားသောဉာဏ် (ကိစ္စဉာဏ်) ဖြစ်ပေါ်လာလေတော့သည်။

ဒုက္ခချုပ်ငြိမ်းရာသို့ ရောက်စေနိုင်သောကျင့်စဉ် (ပြဿနာ အပြေကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း)

တရားထိုင်သော ယောဂီသည် ဝိပဿနာရှုခြင်းအလုပ်ကို ကျွမ်းကျင်နိုင်နင်း တိုးတက်မှုရှိလာသည်နှင့်အမျှ၊ သူ၏ စိတ်၊ စေတသိက်တို့သည်လည်း တဖြည်းဖြည်းရင့်ကျက်၍ အရည်အသွေးအားဖြင့် တဟုန်ထိုး တိုးတက်လာလေတော့သည်။ တစ်ချိန်တစ်ခါ၌ ဗိုလ်ငါးပါး ညီညွတ်မှုတ ကိုက်ညီသွားသောအခါ မဂ်ဆိုက်သွားလေတော့သည်။ မဂ်ဆိုက်သည့် တစ်ခဏ၌ တဖြည်းဖြည်း အရည်အသွေး တိုးတက်လာခဲ့သော ကုသိုလ်စေတသိက်တို့သည် တမဟုတ်ချင်း မဂ္ဂင်ရှစ်ပါးအဖြစ်သို့ ရောက်ရှိသွားပြီး ရှစ်ပါးစလုံး တစ်ပြိုင်နက် အပြည့်အစုံဖြစ်ပေါ်လာလေသည်။ ယင်းသို့ မဂ်ဆိုက်၍ မဂ္ဂင်ရှစ်ပါးစလုံး ပွင့်လန်းသွားသည်နှင့် တစ်ပြိုင်နက်၊ ယောဂီသည် အသစ်ကျပ်ချွတ် လူသစ်တစ်ယောက်အဖြစ် ပြောင်းလဲသွားပြီး၊ သူ၏ ဉာဏ်အမြင်မှာလည်း အကြီးအကျယ် ပြောင်းလဲသွား လေတော့သည်။

အမှန်စင်စစ်အားဖြင့်၊ မဂ်ဆိုက်သည်ဆိုခြင်းမှာ မဂ္ဂသစ္စာကို ကျင့်ကြံပွားများခြင်းလုပ်ငန်း ပြီးမြောက်သွားခြင်းပင် ဖြစ်သည်။ သစ္စာလေးပါးတရား တော်၏ အခြေခံမူကြီး (၄) ချက်စလုံးသည် အရေးကြီးပါသည်။ သို့ရာတွင်၊ လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်ရာ၌ ပြဿနာ၏ အပြေကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ဒုက္ခချုပ်ငြိမ်းကြောင်း မဂ္ဂင် (၈)ပါး ကျင့်စဉ်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် အခက်ခဲဆုံးလုပ်ငန်းပင် ဖြစ်လေသည်။ သို့ဖြစ်သောကြောင့်၊ ဒုက္ခချုပ်ငြိမ်းကြောင်း မဂ္ဂင် (၈)ပါးကျင့်စဉ်သည် သစ္စာလေးပါးတရားကို ထိုးထွင်းသိမြင်ရေး၌ သော့ချက်သဖွယ် ဖြစ်နေပါသည်။ ထို့အတူပင်၊ နေ့စဉ်ဘဝ၌ ပြဿနာ၏

အဖြေကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် ပြဿနာဖြေရှင်းနည်း လုပ်ငန်းတွင် သော့ချက်သဖွယ် ဖြစ်နေသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

မဂ္ဂင် (၈)ပါး ကျင့်စဉ်ကို လက်တွေ့ကျင့်ကြံရာတွင်မူ၊ ယောဂီပုဂ္ဂိုလ်က တကယ် လက်တွေ့ကျင့်ရမည့် လုပ်ငန်းသည် သတိပဋ္ဌာန် (၄)ပါးနည်းအတိုင်း ဝိပဿနာရှုခြင်းပင် ဖြစ်သည်။ ယောဂီသည် သတိပဋ္ဌာန် (၄)ပါးကိုသာ အာရုံစိုက်၍ ပွားများအားထုတ်ရန် လိုပေသည်။ ကျန်စေတသိက်များ၊ ဗောဓိပက္ခိယတရား(၃၇)ပါးသည် ထိုယောဂီကကြောင့်ကြရန်မလိုဘဲ၊ သူတို့အလိုအလျောက် အရှိန်အဟုန်ရလာကာ တဟုန်ထိုး တိုးတက်လာလိမ့်မည် ဖြစ်သည်။

မဂ္ဂင်(၈)ပါးကျင့်စဉ်ကို ကျင့်ခြင်းသည် အိပ်မက်မှန်းထရန် လုလင်ပျို့က ကြိုးပမ်းခြင်းနှင့် တူသည်။ အိပ်မက်မှ နိုးထမှုဖြစ်စဉ်သည် လုလင်ပျို့က ငိုက်မျဉ်းခြင်းမရှိတော့ဘဲ သွက်လက်ဖျတ်လတ်စွာဖြင့် လုံးဝ လွတ်လွတ်ကျွတ်ကျွတ် နိုးလာသည့်အခါတွင် ဆုံးခန်းတိုင်ရောက်သည်ဟု ဆိုရပေမည်။

ထို့အတူပင်၊ မဂ္ဂင်(၈)ပါး ကျင့်စဉ် ကျင့်သုံးခြင်း(လက်တွေ့အားဖြင့်မူ သတိပဋ္ဌာန်(၄)ပါးအတိုင်း ဝိပဿနာရှုခြင်း)သည် မဂ်ဆိုက်သည့်အခါမှ သာလျှင် ဆုံးခန်းဆိုက်ရောက်သည်။ လုံးဝပြီးမြောက် အောင်မြင်သည်ဟု ဆိုရပေမည်။

ဤနေရာ၌ မဂ်ဆိုက်ခြင်းနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်နှင့် အထူးမှတ်သားဖွယ်ကောင်းသော အချက်တစ်ချက်ကို ဖော်ပြလိုပါသေးသည်။ နေ့စဉ်ဘဝ၌ ကြုံတွေ့ရသော သာမာန်ပြဿနာ ကိုင်တွယ်ဖြေရှင်းခြင်းအလုပ်၌ အဆင့် (၄)ဆင့် လုပ်ငန်းစဉ်များ(ပြဿနာကို ထုတ်ဖော်သတ်မှတ်ခြင်း၊ ပြဿနာ၏ အရင်းအမြစ်ကို ရှာဖွေတွေ့ရှိခြင်း၊ ပြဿနာ၏အဖြေကို သိမြင်ခြင်း၊ ပြဿနာ၏ အဖြေကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊) ကို သီးခြား လုပ်ငန်းစဉ်များအနေဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားနိုင်ပါသည်။ သို့ရာတွင်၊ မဂ်ဆိုက်ခြင်း အတွေ့အကြုံမှာမူ သဘောသဘာဝချင်း ကွဲပြား ခြားနားပေသည်။ မဂ်ဆိုက်သည့်အချိန်တွင်

(မဂ်စိတ်ဖြစ်ပေါ်ခိုက်တွင်) ယောဂီသည် သစ္စာလေးပါးကို တချိန်တည်း တပြိုင်တည်းမှာပင် သိမြင်သွားခြင်း ဖြစ်သည်။ လုပ်ငန်းစဉ်(၄)ရပ်၊ တစ်နည်းအားဖြင့် အခြေခံမူကြီး လေးချက် တို့ကိုလည်း တစ်ချိန်တည်း တပြိုင်နက်တည်းမှာပင် ဆောင်ရွက်ပြီး ဖြစ်လေတော့သည်။ သစ္စာလေးချက်နှင့် ပတ်သက်သော ပြုသင့်ပြုထိုက်သည့် ကိစ္စများကို လည်း ပြုပြီးဖြစ်၍ ဉာဏ်လေးပါးကို တစ်ချက်တည်းနှင့် ထိုးထွင်းသိမြင်သွားခြင်း ဖြစ်ပေသည်။ ဤသို့ဖြစ်ရခြင်းမှာ စိတ္တကွဏ၏ လျင်မြန်ခြင်း၊ မဂ်ဆိုက်ခြင်း၏ အလွန်ထူးခြားသော သဘောသဘာဝတို့ကြောင့် ဖြစ်ပေသည်။

ဤသို့ဖြင့် မဂ္ဂင်ရှစ်ပါး ကျင့်ကြံပွားများခြင်းသည် တကယ်တမ်း မဂ်ဆိုက်သည့်အခါတွင်မှ အပြည့်အဝ ကျင့်သုံးပြီးမြောက်သွားသည်ဟု စကားအဓိပ္ပါယ် အတိအကျဖြင့် ဆိုနိုင်မည် ဖြစ်ပေသည်။ တစ်နည်းအားဖြင့်၊ မဂ္ဂင်ရှစ်ပါးကျင့်စဉ်ကို အပြည့်အဝ ကျင့်သုံးပြီးစီးခြင်းသည် မဂ်ဆိုက်ခြင်းနှင့် အတူတူပင် ဖြစ်သည်။ သို့ဖြစ်၍၊ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်ကို အဆုံးတိုင် ကျင့်ကြံလိုသည့် ယောဂီများသည် မိမိတို့မဂ်မရမချင်း သတိပဋ္ဌာန်လေးပါးအတိုင်း ဝိပဿနာတရားကို ကျင့်ကြံပွားများသင့်ပေသည်။

သစ္စာလေးပါးတရားနှင့် အခြေခံမူကြီး (၄)ချက်တို့ကို နေ့စဉ်ဘဝ၌ တွေ့ကြုံရနိုင်ဖွယ်ရှိသော မည်သည့်ကိစ္စ၊ မည်သည့်ပြဿနာမျိုးကိုမဆို ကိုင်တွယ်ဖြေရှင်းရာ၌ ထိုက်သင့်သလို အသုံးပြုသွားနိုင်ပေသည်။ မည်သို့ပင်ဖြစ်စေကာမူ၊ ပြဿနာဖြေရှင်းခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်တို့၏အထွတ်အထိပ်သည်ကား သစ္စာလေးပါးတရားကို ကျင့်သုံး၍ ထိုးထွင်းသိခြင်းပင် ဖြစ်ပေသည်။ အကြင်ပုဂ္ဂိုလ်တစ်ယောက်သည် မိမိဘဝတွင် တက်လမ်းရှာလိုသည်ဆိုပါက၊ ပြဿနာဖြေရှင်းခြင်း အလုပ်ကို လွယ်လွယ်ရှင်းရှင်း အသေးအဖွဲကိစ္စလေးများမှသည် ရှုပ်ထွေးခက်ခဲသော ပြဿနာများအထိ တက်လှမ်းကာ ဆောင်ရွက်သွားနိုင်ပေသည်။ အဆင့်အမြင့်ဆုံးအထိ တက်လှမ်းလိုသည် ဆိုပါလျှင်လည်း သစ္စာလေးပါးတရားတော်ကို ထိုးထွင်းသိသည်အထိ

အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက် သွားနိုင်ပေသည်။ သို့ဖြစ်၍၊ ကျွန်ုပ်တို့သည် အသေးအဖွဲ့ ကိစ္စလေးမျှားမှသည် သစ္စာလေးပါးတရားတော်ကို ထိုးထွင်းသိရှိခြင်းအထိ ပြဿနာဖြေရှင်းခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်ကို မိမိတို့ဆန္ဒအတိုင်း၊ မိမိတို့ စွမ်းဆောင်ရည်ရှိသလောက် တက်လှမ်းကာ ဆောင်ရွက်သွားနိုင်ကြမည်ဖြစ်ပါသတည်း။

နော်ရထာဝင်း

THE FIRST SERMON

by Nawrahta Win

PROLOGUE

It was a pleasant evening. The sun had just called it a day after a hard day's work. No longer a blazing furnace that it was during the day, it now appeared to be in a relaxing mood, and was all sweet and smiling. Resting on the heaving bosoms of the foothills of the Himalayan Ranges, it was cheerfully bidding farewell to the world before retiring for a good night's rest.

The sunset glow was an awe-inspiring eye feast. The sunrays played magic effects on the sky and a few scattered clouds on the western horizon, and lit them up in varying colours of gold, orange, crimson and purple, each colour

